# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၈ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 9 August 2023 ၁၁၁၈၂


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနေအထားဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြား

## နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်သည့် မည်သည့်အစိုးရမဆို နိုင်ငံကောင်းအောင် ဆောင်ရွက်ရမည့်တာဝန်ရှိ

**နေပြည်တော် ဩဂုတ် ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိသူများအား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ၄ရွှေဝါခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသနှင့်တိုင်းဥက္ကဋ္ဌများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



**ယနေ့ ဖတ်စရာ**

**မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညို** စာမျက်နှာ » ၆

**မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ခဲ့ရသူများ၏ ရင်တွင်းပီတိ စကားသံများ** စာမျက်နှာ » ၈

**"မိုခါ" မုန်တိုင်းဒဏ်သင့် ရခိုင်ဒေသပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ(၁၂) (နယ်စပ်ရေးရာဝန်ကြီးဌာန)** ဆောင်းပါး စာမျက်နှာ » ၁၀

**ကိုယ်ဖော်တဲ့ဆေး ကိုယ်ပြန်စား လူ့အခွင့်အရေး ညစ်လုံးအောက်က လူနည်းစုများ** ဆောင်းပါး စာမျက်နှာ » ၁၆

ကြေးမုံ

# နိုင်ငံတည်ငြိမ်အေးချမ်းရေး ရှေးရှုကြိုးပမ်း

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင်ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများကို တရားဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ခြင်းမရှိသည့်အပြင် နိုင်ငံတော်အာဏာကို အဓမ္မရယူရန်ကြိုးပမ်းခဲ့ခြင်းကြောင့် တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ် တည့်မတ်ခိုင်မာစေရေးအတွက် နိုင်ငံတော်၏တာဝန်များကို လွှဲပြောင်းရယူထမ်းဆောင်ခဲ့သည်။ ထိုအခါ CRPH၊ NUG နှင့် PDF အဖွဲ့များကို တရားမဝင်ဖွဲ့စည်းပြီး လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်ဖြစ်ပေါ်လာသည်။

ပြည်တွင်း၌ PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် EAO အဖွဲ့အချို့၏ ကူညီအားပေးမှု၊ ထောက်ပံ့မှုများကိုရယူ၍ လက်နက်ကိုင်အကြမ်းဖက်လုပ်ရပ်များကို လုပ်ကိုင်ခဲ့ကြသည်။ တပ်မတော်အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးသဘောတူညီချက်ရရှိစေရေး ယခင်ကတည်းက ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး NCA လမ်းကြောင်းပေါ်တွင်အခြေခံ၍ မျက်ခြည်မပြတ်ဆောင်ရွက်ခဲ့သည်။ သို့သော် အချို့သော EAO အဖွဲ့များအနေဖြင့် NCA သဘောတူညီချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ တည်ငြိမ်မှုပျက်ပြားအောင် လုပ်ကိုင်ဆောင်ရွက်ခဲ့ခြင်းကြောင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များ ပိုမိုဆိုးရွားစွာဖြစ်ပေါ်လာခဲ့သည်။

အကြမ်းဖက်သမားများ၏ သတ်ဖြတ်မှုများကြောင့် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ဇူလိုင်လ ၃၀ ရက်နေ့အထိ ရဟန်းသံဃာနှင့်သီလရှင် လေးပါး၊ အပြစ်မဲ့ပြည်သူ ၇၇၂ ဦးနှင့် နိုင်ငံ့ဝန်ထမ်း ၂၈ ဦး သေဆုံးခဲ့သည်။ အကြမ်းဖက်ဖျက်ဆီးမှုများကြောင့် ကျန်းမာရေးဆိုင်ရာအဆောက်အအုံတစ်လုံး၊ ဘာသာရေးဆိုင်ရာအဆောက်အအုံ ၁၁ လုံး၊ လူနေအဆောက်အအုံ ၇၆ လုံး၊ လမ်းတံတားနှင့် တိုးဂိတ်အဆောက်အအုံ ၉၄ ခု၊ လျှပ်စစ်နှင့် ဆက်သွယ်ရေးတာဝါတိုင် ၂၆ ခုအပါအဝင် အခြားအဆောက်အအုံများစွာ ပျက်စီးဆုံးရှုံးခဲ့သည်။ ထိုကာလမတိုင်မီ ယခင်နှစ်များကလည်း အပြစ်မဲ့ပြည်သူအမြောက်အမြားနှင့် အဆောက်အအုံများစွာတို့ကို သတ်ဖြတ်ခြင်း၊ ဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့သည်။ ယခုအခါ အကြမ်းဖက်တိုက်ခိုက်မှုများ လျော့နည်းလာသော်လည်း ဆက်လက်ရှိနေသေးသည်။

ထို့ကြောင့် "အကြမ်းဖက်ဖြစ်စဉ်များအားလုံးချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းရေးနှင့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးအတွက် ပြည်သူလူထုတစ်ရပ်လုံးကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဩဂုတ်လ ၇ ရက်နေ့တွင် ကျင်းပသော အသစ်ဖွဲ့စည်းထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များအား တွေ့ဆုံစဉ် တိုက်တွန်းပြောကြားခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် ပထမအချက်တွင် "ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်"ဟု ဖော်ပြထားသည်။

ရှေ့လုပ်ငန်းစဉ်၏ နောက်ဆုံးအချက်တွင် "အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်" ဟူသည့်အချက်ဖော်ပြထားသည်။ အဆိုပါအချက်သည် တိုင်းရင်းသားပြည်သူအားလုံး လိုလားသည့် မျှော်လင့်ချက်ဖြစ်သည်။ နိုင်ငံတော်က ကျင့်သုံးလျက်ရှိသော ဒီမိုကရေစီစနစ်၏ ပန်းတိုင်လည်းဖြစ်သည်။ ယင်းကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရန် အတွက် တည်ငြိမ်အေးချမ်းမှုနှင့်တရားဥပဒေစိုးမိုးရေးသည် အရေးကြီးဆုံးဖြစ်သည်။

မြန်မာနိုင်ငံနှင့်အိမ်နီးချင်း ဒီမိုကရေစီနိုင်ငံများတွင် ရွေးကောက်ပွဲများကျင်းပ၍ အနိုင်ရသည့်ပါတီအား နိုင်ငံ့တာဝန်လွှဲပြောင်းပေးနိုင်ရေး လုပ်ဆောင်နေသည်ကို တွေ့ရမည်ဖြစ်သည်။ ရွေးကောက်ပွဲတွင် စိန်ခေါ်မှုများရှိသော်လည်း အောင်မြင်အောင်ကျင်းပနိုင်ခဲ့ခြင်းမှာ တည်ငြိမ်အေးချမ်းမှုနှင့်တရားဥပဒေစိုးမိုးမှုကို အစိုးရနှင့်အဖွဲ့အစည်းများ၊ ပြည်သူများက လေးစားလိုက်နာခဲ့သောကြောင့်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်လျက်ရှိသော်လည်း ရည်မှန်းချက်သို့ မရောက်နိုင်သေးသည်မှာ တည်ငြိမ်အေးချမ်းမှုနှင့်တရားဥပဒေစိုးမိုးရေးကို လေးစားလိုက်နာမှုအားနည်းသည်မှာ ပေါ်လွင်နေသည်။

သို့ဖြစ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်မှာ လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးဖြစ်သည်ကို အတိအလင်းပြောကြားထားပြီးဖြစ်ရာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် နိုင်ငံတော်နှင့်အတူ ပြည်သူအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။ ။

# သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် Certificate in Digital Marketing and Innovation–CDMI(Batch–I) ဖွင့်လှစ်မည်

**သန်လျင် ဩဂုတ် ၈**

သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် ဒစ်ဂျစ်တယ်နည်းလမ်းဖြင့် ဈေးကွက်ဖော်ဆောင်ရေးလုပ်ငန်းများကို တတ်သိနားလည်ပြီး အသုံးချနိုင်စေရန်၊ ပြိုင်ဘက်လုပ်ငန်းများထက်သာလွန်သောဈေးကွက်ဖော်ဆောင်ရေးဆိုင်ရာ သဘောတရားများ၊ နည်းလမ်းများနှင့် ဆန်းသစ်တီထွင်မှုများကိုသိရှိစေရန်၊ လက်တွေ့ဈေးကွက်ဖော်ဆောင်ရာ၌ ကြုံတွေ့ရမည့်ပြဿနာများကို ဖြေရှင်းရာတွင် နည်းစနစ်ကျစွာ တွေးခေါ်တီထွင် ဆန်းသစ်နိုင်စေရေးအတွက် အထောက်အကူပြုနိုင်စေရန်နှင့် နိုင်ငံတကာအဆင့် ဈေးကွက်ဖော်ဆောင်ရေးဆိုင်ရာ နည်းပညာများကို ကျွမ်းကျင်စွာအသုံးပြုနိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်စေရန်ရည်ရွယ်၍ Certificate in Digital Marketing and Innovation–CDMI(Batch–I) Free Online Certificate Course ကို ၂၀၂၃ ခုနှစ် ဩဂုတ်လ၊ အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် အပတ်စဉ် စနေနေ့နှင့် တနင်္ဂနွေနေ့များ၌ နံနက် ၉ နာရီမှ ၁၂ နာရီအထိ ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်သည်။

သင်တန်းသို့ တက်ရောက်လိုသူများအနေဖြင့် https://forms.gle/FX5QmvXRrJvYcF8U9 Link မှတစ်ဆင့် Google Form တွင်ဖြည့်စွက်ပြီး ၁၆–၈–၂၀၂၃ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# ငပုတောမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မိုးစပါးသွင်းအားစုပေးအပ်ပွဲ ကျင်းပ



**ငပုတော ဩဂုတ် ၈**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဖျုန်ရေကျော်ကျေးရွာ၌ ကျွန်းရှေ့ဝါ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း လီမိတက်မှ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မိုးစပါးသွင်းအားစု ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဖျုန်ရေကျော်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း (ခွဲ)၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဆိုင်ရာ မြို့နယ်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်သူက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားဘဝ မြှင့်တင်ရေးအတွက် ယခုလို သွင်းအားစုများ ပေးအပ်ရခြင်းဖြစ်ကြောင်း တောင်သူများကလည်း မိုးစပါးအထွက်နှုန်း ကောင်းမွန်စေရန် လိုက်ပါ ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားပြီး မြို့နယ်ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး (၃) မြို့နယ်သမဝါယမ ဦးစီးဌာနမှူး ဦးမျိုးနိုင်က လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် ဖျုန်ရေကျော်ကျေးရွာရှိ စိုက်ဧက ၂၀၀၀ အတွက် တောင်သူ ၉၅ ဦးအား တစ်ဧကလျှင် ကျပ် ၂၀၀၀၀၀ နှင့်ညီမျှသော သဘာဝဓာတ်မြေသြဇာ အိတ် ၁၀၀၀၊ အာမိုအိတ် ၁၀၀၀ နှင့် Comet ယူရီးယား ဓာတ်မြေသြဇာ အိတ် ၁၀၀၀ အား ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၈ - ၈ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၈,၈၀၀ | ၁၆၀ | ၁,၃၈၈,၀၀၀ |
| MTSH | ၂,၉၅၀ | ၃,၀၅၀ | ၆,၀၈၇ | ၁၈,၂၃၅,၇၅၀ |
| MCB | ၇,၅၀၀ | ၇,၅၀၀ | ၆ | ၄၅,၀၀၀ |
| FPB | ၁,၆၀၀ | ၁,၆၅၀ | ၁၂,၆၂၇ | ၂၀,၂၉၃,၉၀၀ |
| TMH | ၂,၄၅၀ | ၂,၄၅၀ | ၆ | ၁၄,၇၀၀ |
| EFR | ၂,၃၅၀ | ၂,၄၀၀ | ၁,၄၂၉ | ၃,၃၀၉,၃၅၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၁ | ၅,၀၀၀ |
| MAEX | ၁,၉၀၀ | ၁,၉၀၀ | ၁,၂၂၃ | ၂,၃၂၃,၇၀၀ |

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

**☆ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ဆောင်ရွက်ရန်အတွက် အဓိကအားဖြင့် ဆူးပြောင့်ခလုတ်ဖြစ်နေသည်မှာ တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း၊ တိုင်းရင်းသားများ၏ အခွင့်အရေးများနှင့်ပတ်သက်၍ လက်ရှိနိုင်ငံ၏ ပကတိအခြေအနေများနှင့်ကိုက်ညီစွာ စဉ်းစားဆောင်ရွက်၍ အရှည်မြော်တွေး ဆောင်ရွက်ကြရန်လိုကြောင်း၊ အခြေခံကောင်းအောင်ဆောင်ရွက်သည့် လုပ်ငန်းရပ်များသည်သာ ခိုင်မာမှုရှိသဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အခြေခံကောင်းအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ကြောင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့်ပတ်သက်၍ ဖြစ်သင့်ဖြစ်ထိုက်သည်များနှင့် ဖြစ်နိုင်သည်များကို ဆောင်ရွက်ပေးရမည်**

☆ ရှေ့ဖုံးမှ

ထို့သို့ တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာ၌ နိုင်ငံတော်၏အခြေအနေအရ သက်တမ်းထပ်မံတိုးမြှင့်သည့်ကာလအတွင်း ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ဆောင်ရွက်သင့်သည်များကို မှာကြားလိုခြင်းကြောင့် ယခုကဲ့သို့ တွေ့ဆုံရခြင်းဖြစ်ကြောင်း၊ အသစ်ထပ်မံ ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကိုလည်း ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း၊ ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်မှာ အစိုးရ၏တာဝန်ဖြစ်ကြောင်း၊ နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်သည့် မည်သည့်အစိုးရမဆို နိုင်ငံကောင်းအောင် ဆောင်ရွက်ရမည့် တာဝန်ရှိကြောင်း။

**နိုင်ငံရေးရည်မှန်းချက်နှစ်ရပ်**

မိမိတို့အစိုးရ၏ နိုင်ငံရေးရည်မှန်းချက်နှစ်ရပ်မှာ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးနှင့် အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်မှာ တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာ ဖူလုံရေးတို့ပင်ဖြစ်ပြီး တိုင်းပြည်သာယာဝပြောရေး၌ ပြည်သူပြည်သားများအားလုံး အေးအေးချမ်းချမ်းဖြင့် နေထိုင်လုပ်ကိုင်စားသောက်နိုင်ရမည်၊ ပညာသင်ကြားနိုင်ရမည်ဖြစ်ကြောင်း၊ လူတိုင်းသည် အေးချမ်းစွာနေထိုင်လုပ်ကိုင် စားသောက်လိုကြပြီး မိမိတို့ဘဝ တိုးတက်ရေးအတွက် ရည်မှန်းချက်၊ မျှော်မှန်းချက်များ ကိုယ်စီရှိကြကာ အေးချမ်းလုံခြုံစိတ်ချစွာဖြင့် နေထိုင်လုပ်ကိုင် စားသောက်လိုကြကြောင်း၊ ထို့ကြောင့် တည်ငြိမ်အေးချမ်းမှုကို ဆောင်ရွက်ပေးရန်လိုကြောင်း၊ စားရေရိက္ခာသည် လူတိုင်းအတွက် လိုအပ်ပြီး လက်ရှိကမ္ဘာပေါ်တွင်လည်း စားရေရိက္ခာလုံခြုံရေး(Food Security)မှာ အကြီးမားဆုံးစိန်ခေါ်မှုဖြစ်နေကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း စားရေရိက္ခာလုံခြုံရေးအတွက် စားရေရိက္ခာပေါများရေးကို အလေးထား ဆောင်ရွက်လျက်ရှိကြောင်း။

အလားတူ အစိုးရတစ်ရပ်အနေဖြင့် နိုင်ငံတစ်ဝန်း လမ်းပန်းဆက်သွယ်မှုများကောင်းမွန်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ ဆက်သွယ်မှုကွန်ရက်များလည်း ကောင်းမွန်ရန်လိုအပ်သဖြင့် တစ်နိုင်ငံလုံးကို လွှမ်းခြုံနိုင်သည့် ဆက်သွယ်မှုကွန်ရက်များကို တည်ဆောက်ရန်လိုကြောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းများ ကောင်းမွန်နေရေး အလေးပေးဆောင်ရွက်ပေးရန်လိုကြောင်း။

တိုင်းပြည်တစ်ခု တိုးတက်ခြင်း၏ အခြေခံမှာ ပညာတတ်များ ပေါကြွယ်ဝခြင်းပင်ဖြစ်ကြောင်း၊ အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများ မဖြစ်မနေလိုအပ်သည့်အတွက် နိုင်ငံသားတိုင်း ပညာရည်မြင့်မားရေးကို အစိုးရအနေဖြင့် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှအလုပ်လုပ်နိုင်မည်ဖြစ်သဖြင့် ကျန်းမာရေးကောင်းမွန်နေရန်လည်းလိုကြောင်း၊ မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်းသည် နည်းပါးလျက်ရှိသဖြင့် ပြည်သူ ပြည်သားတိုင်း ကျန်းမာရေးကောင်းမွန်ပြီး သက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ရေးအတွက် ညီညွတ်မျှတသည့် နေထိုင်စားသောက်မှုရှိရန်လိုသကဲ့သို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုလည်း ပြည့်ပြည့်ဝဝဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း။

နိုင်ငံတစ်ခုတွင် လျှပ်စစ်ဓာတ်အားများ လုံလောက်စွာရရှိနေရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် လျှပ်စစ်ဓာတ်အားလိုအပ်ချက်များရှိနေသေးပြီး ယခုအချိန်အထိ နိုင်ငံလိုအပ်ချက်၏ ၅၀ ရာခိုင်နှုန်းကိုပင် ဖြည့်ဆည်းပေးနိုင်ခြင်း မရှိသေးသည်ကို တွေ့ရှိရကြောင်း၊ လွန်ခဲ့သည့် ဆယ်စုနှစ်ခန့်က အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စီမံကိန်းကြီးများမှာ အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်ခဲ့ရကြောင်း၊ အဆိုပါ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့မည်ဆိုပါက ယခုအချိန်တွင် မိမိတို့နိုင်ငံ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို များစွာဖြည့်ဆည်းပေးနိုင်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်မှာ မိမိတို့အစိုးရအတွက် စိန်ခေါ်မှုတစ်ရပ်အနေဖြင့်ရှိသဖြင့် လတ်တလော ဆောင်ရွက်နိုင်သည့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းနှင့် လေအားဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ စပါးခွံသုံးဓာတ်ငွေ့လောင်စာအသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်ဓာတ်အားများ လုံလောက်စွာရရှိမှသာ ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်အောင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စားရေရိက္ခာဖူလုံမှုရှိစေရေး၊ လမ်းပန်းဆက်သွယ်မှုများကောင်းမွန်စေရေး၊ ပညာရည်မြင့်မားစေရေး၊ သက်ရှည်ကျန်းမာမှုရှိစေရေးနှင့် လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိစေရေးတို့ကို မိမိတို့အစိုးရအနေဖြင့် အဓိကဦးစားပေး အကောင်အထည်ဖော်ဆောင်ရွက်ပေးရမည်ဖြစ်သည်ကို ဦးစွာပြောကြားလိုကြောင်း။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အသစ်ထပ်မံချမှတ်ထားသည့် ဦးတည်ချက် ၉ ရပ်ကို ရှင်းလင်းပြောကြားလိုကြောင်း၊ နိုင်ငံရေးရည်မှန်းချက် ပထမအချက်ကို **“စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ် စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး”**ဟု ချမှတ်ထားကြောင်း၊ မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်မာစွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အရေးကြီးကြောင်း၊ သို့သော် ပါတီစုံဒီမိုကရေစီစနစ်သည် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ဖြစ်ရန်လိုကြောင်း၊ အဆိုပါစနစ်ကို ကျင့်သုံးရာတွင် အစိုးရတစ်ရပ် (သို့မဟုတ်) နိုင်ငံကို ဦးဆောင်သည့် သမ္မတ၊ ဝန်ကြီးချုပ်တို့က ဦးဆောင် အကောင်အထည်ဖော်ရခြင်းပင်ဖြစ်ကြောင်း၊ “စစ်မှန်စည်းကမ်းပြည့်ဝသည့်”ဟူသည့်စကားရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ထည့်သွင်းထားရခြင်းမှာ ဒီမိုကရေစီစနစ်ကို စည်းကမ်းပြည့်ဝစွာဖြင့် အသုံးပြုနိုင်ရန်ဖြစ်ကြောင်း၊ ယခင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကို စည်းကမ်းမဲ့စွာဖြင့် ဆောင်ရွက်ခဲ့ခြင်းသည် နိုင်ငံအတွက် အမည်းစက်တစ်ခုကို ဖြစ်ပေါ်စေခဲ့ပြီး မိမိတို့အတွက် သင်ခန်းစာတစ်ခုပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာဖြင့် ဆောင်ရွက်နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

**ဖက်ဒရယ်စနစ်ကို ဆောင်ရွက်ရာတွင် လူမျိုးကို အခြေခံ၍မရဘဲ ဒေသကို အခြေခံ၍ ဆောင်ရွက်ရမည်**

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးနှင့်ပတ်သက်၍ မိမိအနေဖြင့် မကြာခဏ ရှင်းလင်းပြောကြားခဲ့ကြောင်း၊ ဒီမိုကရေစီဆိုသည်မှာ ဒီမိုကရေစီအုပ်ချုပ်ရေးနှင့် ဖက်ဒရယ်စနစ်ဆိုသည်မှာ ဖက်ဒရယ်လုပ်ပိုင်ခွင့်များကို ပေါင်းစပ်ထားသည့် ပြည်ထောင်စုပင်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် တိုင်းရင်းသားများအားလုံး စုစည်းနေထိုင်ကြကြောင်း၊ ထို့ကြောင့် ဒေသအလိုက် တိုင်းရင်းသားလူမျိုးပေါင်းစုံ နေထိုင်ကြခြင်းဖြစ်သဖြင့် ဖက်ဒရယ်စနစ်ကို ဆောင်ရွက်ရာတွင် လူမျိုးကို အခြေခံ၍မရဘဲ ဒေသကို အခြေခံ၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ဖက်ဒရယ်အခွင့်အရေးနှင့်ပတ်သက်၍ ပေးထားပြီးဖြစ်သည်ကို လေ့လာကြည့်ပါက သိရှိနိုင်မည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ပြုလုပ်ပြီး ပြည်သူ့ဆန္ဒနှင့်အညီ ပြဋ္ဌာန်းထားသည့် ဥပဒေဖြစ်သဖြင့် ပြည်သူအများဆန္ဒနှင့် ကိုက်ညီမည်ဆိုပါက ပြုပြင်သင့်သည့် အချက်များကို ပြုပြင်ရန်အတွက် တပ်မတော်အနေဖြင့် သဘောတူညီထားပြီးဖြစ်ကြောင်း၊ သို့သော် နိုင်ငံအတွက် အရေးကြီးသည့် ဒို့တာဝန်အရေးသုံးပါးကို မထိခိုက်ရန်လိုပြီး ဒီမိုကရေစီအုပ်ချုပ်ရေးနှင့် ဖက်ဒရယ်လုပ်ပိုင်ခွင့်များကို ညီညွတ်မျှတစွာဖြင့် ဆောင်ရွက်နိုင်ရန်လိုကြောင်း။

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ဆောင်ရွက်ရန်အတွက် အဓိကအားဖြင့် ဆူးပြောင့်ခလုတ်ဖြစ်နေသည်မှာ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း၊ တိုင်းရင်းသားများ၏ အခွင့်အရေးများနှင့်ပတ်သက်၍ လက်ရှိနိုင်ငံ၏ ပကတိအခြေအနေများနှင့်ကိုက်ညီစွာ စဉ်းစားဆောင်ရွက်၍ အရှည်မြော်တွေး ဆောင်ရွက်ကြရန်လိုကြောင်း၊ အခြေခံကောင်းအောင်ဆောင်ရွက်သည့် လုပ်ငန်းရပ်များသည်သာ ခိုင်မာမှုရှိသဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အခြေခံကောင်းအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ကြောင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့်ပတ်သက်၍ ဖြစ်သင့်ဖြစ်ထိုက်သည် များနှင့် ဖြစ်နိုင်သည်များကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ကို လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း၊ NCA မှာပြည့်စုံမှုမရှိသေးသော်လည်း တိုင်းရင်းသားများ၏ တောင်းဆိုချက်များကို သဘောတူညီချက်စာချုပ်အဖြစ် ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး ကတိကဝတ်ပေးထားသည့် အကြောင်းအရာများဖြစ်ကြောင်း၊ အဆိုပါစာချုပ်ကို နိုင်ငံတကာမှ အသိသက်သေများ မျက်မှောက်တွင် လက်မှတ်ရေးထိုးထားခြင်းဖြစ်သဖြင့် မျက်ကွယ်ပြု၍ ဆောင်ရွက်ခြင်းမပြုရန် လိုကြောင်း၊ မိမိတို့အနေဖြင့် NCA အပေါ်တွင် အလေးထား၍ ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ NCA သဘောတူညီချက်အတိုင်း အလေးထားလုပ်ဆောင်ပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံရေးဦးတည်ချက် ဒုတိယအချက်ကို **“တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး”** ဟု ချမှတ်ထားခြင်းဖြစ်ကြောင်း။

နိုင်ငံရေးဦးတည်ချက် တတိယအချက်အနေဖြင့် **“ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး”** ဟူ၍ ချမှတ်ထားကြောင်း၊ တရားဥပဒေစိုးမိုးရေးဆိုရာတွင် အဆင့်အဆင့်သော အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများ၊ အုပ်ချုပ်ရေးကိုထိန်းသိမ်းပေးသည့် တရားရေးမဏ္ဍိုင်တို့ ပါဝင်ကြောင်း၊ ဥပဒေဆိုင်ရာ ကိစ္စရပ်များဆောင်ရွက်ရန်အတွက် ဥပဒေဆိုင်ရာအဖွဲ့အစည်းများက ဆောင်ရွက်ကြရကြောင်း၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ရာတွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးနှင့် တရားရေးမဏ္ဍိုင်တို့သည် အဓိကအရေးကြီးကြောင်း၊ တရားဥပဒေစိုးမိုးရေးအတွက် အဓိကဆောင်ရွက်နေရသူများသည် စွမ်းရည်ရှိသည့် ပုဂ္ဂိုလ်များဖြစ်ရန်လိုကြောင်း၊ မိမိတို့တာဝန်ထမ်းဆောင်ခဲ့သည့် ကာလအတွင်း တရားဥပဒေစိုးမိုးရေး တာဝန်ထမ်းဆောင်မှုနှင့်ပတ်သက်၍ အားနည်းချက်များရှိခဲ့ပြီး အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အားနည်းချက်များသည် အစိုးရတစ်ရပ်၏ လုပ်ငန်းဆောင်ရွက်ချက်များကို ထိခိုက်စေနိုင်သဖြင့် ပြုပြင်ဆောင်ရွက်သွားရန်လိုကြောင်း။

စာမျက်နှာ ၄ သို့ ☆

**☆ နိုင်ငံတစ်ခုတွင် လျှပ်စစ်ဓာတ်အားများ လုံလောက်စွာရရှိနေရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် လျှပ်စစ်ဓာတ်အား လိုအပ်ချက်များရှိနေသေးပြီး ယခုအချိန်အထိ နိုင်ငံလိုအပ်ချက်၏ ၅၀ ရာခိုင်နှုန်းကိုပင် ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသေးသည်ကို တွေ့ရှိရကြောင်း၊ လွန်ခဲ့သည့် ဆယ်စုနှစ်ခန့်က အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စီမံကိန်းကြီးများမှာ အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်ခဲ့ရကြောင်း၊ အဆိုပါ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့မည်ဆိုပါက ယခုအချိန်တွင် မိမိတို့နိုင်ငံ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို များစွာဖြည့်ဆည်းပေးနိုင်မည်**

☆ စာမျက်နှာ ၃ မှ

စီးပွားရေးဦးတည်ချက် ပထမအချက်ကို **“တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး”**ဟူ၍ ချမှတ်ထားကြောင်း၊ အဓိကလိုအပ်သည်မှာ စားရေရိက္ခာဖူလုံရေးပင် ဖြစ်ကြောင်း၊ ပြည်သူအားလုံးအတွက် အကျိုးဝင်သည့် လုပ်ငန်းမှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းပင်ဖြစ်ကြောင်း၊ နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းမှာ ကျေးလက်နေပြည်သူများဖြစ်ပြီး အများစုမှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို အဓိကထားဆောင်ရွက်ကြကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း နည်းစနစ်ကျနသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြစ်ရန်လိုပြီး စိုက်ပျိုးမြေအားလုံးကိုလည်း အပြည့်အဝအကျိုးရှိစွာ အသုံးချနိုင်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးလုပ်ငန်းကို အောင်မြင်စွာဆောင်ရွက်နိုင်သည့် မြေသယံဇာတများနှင့် စိုက်ပျိုးရေရရှိရေးအတွက်လည်း မြစ်ချောင်း အင်းအိုင်များစွာကို ပိုင်ဆိုင်ထားပြီးဖြစ်သည့်အတွက် စိုက်ပျိုးမြေများတွင် တစ်သီးစားကိုသာ စိုက်ပျိုးနိုင်ရုံဖြင့် ကျေနပ်နေ၍မရဘဲ သီးထပ်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ အစိုးရအနေဖြင့်လည်း စိုက်ပျိုးမြေများကို အပြည့်အဝ ထိထိရောက်ရောက်အသုံးချနိုင်ရေး စီမံဆောင်ရွက်ပေးရန်လိုကြောင်း၊ စိုက်ပျိုးမြေများကို အခြားနည်းများဖြင့် သုံးစွဲလျက်ရှိခြင်းကြောင့် နိုင်ငံ၏စိုက်ပျိုးရေး လုပ်ငန်းများအတွက် ထိခိုက်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ မြေအသုံးချမှုနှင့် ပတ်သက်၍ ဥပဒေနှင့်အညီ မှန်မှန်ကန်ကန် ဆောင်ရွက်ကြရမည်ဖြစ်ပြီး ပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ကြပ်မတ် ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း။

☆ **မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးလုပ်ငန်းကို အောင်မြင်စွာဆောင်ရွက်နိုင်သည့် မြေသယံဇာတများနှင့် စိုက်ပျိုးရေရရှိရေးအတွက်လည်း မြစ်ချောင်း အင်းအိုင်များစွာကို ပိုင်ဆိုင်ထားပြီးဖြစ်သည့်အတွက် စိုက်ပျိုးမြေများတွင် တစ်သီးစားကိုသာ စိုက်ပျိုးနိုင်ရုံဖြင့် ကျေနပ်နေ၍မရဘဲ သီးထပ်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ အစိုးရအနေဖြင့်လည်း စိုက်ပျိုးမြေများကို အပြည့်အဝ ထိထိရောက်ရောက် အသုံးချနိုင်ရေး စီမံဆောင်ရွက်ပေးရန်လိုကြောင်း၊ စိုက်ပျိုးမြေများကို အခြားနည်းများဖြင့် သုံးစွဲလျက်ရှိခြင်းကြောင့် နိုင်ငံ၏စိုက်ပျိုးရေးလုပ်ငန်းများအတွက် ထိခိုက်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ မြေအသုံးချမှုနှင့် ပတ်သက်၍ ဥပဒေနှင့်အညီ မှန်မှန်ကန်ကန် ဆောင်ရွက်ကြရမည်ဖြစ်ပြီး ပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ကြပ်မတ် ထိန်းသိမ်းဆောင်ရွက်သွားရန်လို**

**နေ့စဉ်သားငါးနှင့် ဥအမျိုးမျိုးစားသုံးမှု လိုအပ်ချက်ကို ဖူလုံပြည့်မီအောင် ထုတ်လုပ်နိုင်ရန်လို**

မွေးမြူရေးနှင့် ပတ်သက်၍လည်း မိမိတို့နိုင်ငံ၏ နေ့စဉ်သားငါးနှင့် ဥအမျိုးမျိုးစားသုံးမှု လိုအပ်ချက်ကို ဖူလုံပြည့်မီအောင် ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးနှင့် ပတ်သက်၍ ထုတ်လုပ်မှုများတိုးတက်အောင် ဆောင်ရွက်နိုင်ရေးနှင့် သုတေသနလုပ်ငန်းများကိုလည်း ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများသည် မဖြစ်မနေ အောင်မြင်အောင် အကောင်အထည် ဖော်ဆောင်ရမည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ ရေထွက်ကုန်များကို ထုတ်လုပ်ရာတွင် မွေးမြူထုတ်လုပ်ခြင်းထက် သဘာဝရေပြင်များမှ ဖမ်းဆီးထုတ်လုပ်မှုပမာဏ ပိုမိုများပြားနေသည်ကိုတွေ့ရှိရသဖြင့် မွေးမြူထုတ်လုပ်ခြင်းကို ပိုမိုမြှင့်တင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထိုကဲ့သို့ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ခေတ်မီနည်းစနစ်များဖြင့် ဆောင်ရွက်ခြင်းမှတစ်ဆင့် အခြားကုန်ထုတ်လုပ်မှု လုပ်ငန်းများကိုလည်း မြှင့်တင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

စီးပွားရေးဦးတည်ချက် ဒုတိယအချက်ကို **“တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး”**ဟူ၍ ချမှတ်ထားကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် MSME စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်း၌ လိုအပ်သည့် အခြေခံစားကုန်၊ သောက်ကုန်၊ သုံးကုန်ပစ္စည်းများကို ပြည်တွင်း၌ အလုံအလောက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ချည်မျှင်နှင့် အထည်အလိပ်များ၊ နို့နှင့် နို့ထွက်ပစ္စည်းများ၊ ရော်ဘာအခြေခံသည့် ထုတ်ကုန်ပစ္စည်း လိုအပ်ချက်များကို နှစ်စဉ် ပြည်ပမှတင်သွင်းနေရကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏ နွားမွေးမြူရေးလုပ်ငန်းများ၊ ဝါနှင့်ရော်ဘာစိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ပြီး ပြည်ပသို့ ကုန်ကြမ်းတင်ပို့ခြင်းထက် ပြည်တွင်း၌ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်မည်ဆိုပါက သွင်းကုန်ပမာဏကို လျှော့ချနိုင်မည်ဖြစ်ကဲ့သို့ ပိုလျှံသည်များကို ပြည်ပသို့ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ပြည်ပသွင်းကုန်များကို လျှော့ချနိုင်မည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်ပြီး ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးနိုင်မည် ဖြစ်သကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်း များစွာကိုလည်း ဖော်ဆောင်ပေးနိုင်မည်ဖြစ်သဖြင့် မိမိတို့အနေဖြင့် အောင်မြင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

စီးပွားရေးဦးတည်ချက် တတိယအချက်ကို **“ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက် အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး”**ဟု ချမှတ်ထားကြောင်း၊ ထို့ကြောင့် ဆီထွက်သီးနှံစိုက်ပျိုးမှုများကိုအားပေးပြီး ပြည်တွင်းစားသုံးဆီဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာများကိုပင် ပန်းတိုင်ထွက်နှုန်းပြည့်မီအောင် ဆောင်ရွက်နိုင်ပါက စားသုံးဆီဖူလုံ၊ ပိုလျှံမှုရှိနိုင်သည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် ၂၀၂၅ ခုနှစ်၌ ပြည်တွင်း စားသုံးဆီဖူလုံသည့်အပြင် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ဆောင်ရွက်သွားနိုင်ရေး ရည်မှန်းချက်ထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို လျာထားကေပြည့်မီအောင် ဆောင်ရွက်နိုင်ရေးနှင့် အထွက်နှုန်းပြည့်မီရေး ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**တိုင်းပြည်တစ်ပြည် ဖွံ့ဖြိုးတိုးတက်ရန် ပညာတတ်များ ပေါ်ကြွယ်ဝရန်လို**

လူမှုရေးဦးတည်ချက် ပထမအချက်အနေဖြင့် **“တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး”** ဟူ၍ ချမှတ်ထားကြောင်း၊ တိုင်းပြည်တစ်ပြည်ဖွံ့ဖြိုးတိုးတက်ရန် ပညာတတ်များပေါ်ကြွယ်ဝရန်လိုကြောင်း၊ ထို့ကြောင့် လူသားအရင်းအမြစ်များဖြစ်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးနိုင်ရန် အခြေခံပညာ အထက်တန်းကျောင်းများ၌ ဝိဇ္ဇာ/သိပ္ပံဘာသာရပ်များအပြင် စိုက်ပျိုး၊ မွေးမြူရေး၊ စက်မှုပညာရပ်များကို တွဲဖက်သင်ကြားပေးလျက်ရှိကြောင်း၊ အခြေခံပညာ၊ ဒီပလိုမာသင်တန်းများမှတစ်ဆင့် အဆင့်မြင့်ပညာရပ်များသို့ အဆင့်ဆင့်တက်ရောက်နိုင်ရေး စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ဘက်စုံပညာရေးစနစ်ကို ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း။

လူမှုရေးဦးတည်ချက် ဒုတိယအချက်အနေဖြင့် **“တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး”**ဟူ၍ ချမှတ်ထားပါကြောင်း၊ လူတိုင်းသည် အသက်ရှည်ပြီး ကျန်းမာလိုသည့် ဆန္ဒရှိကြပါကြောင်း၊ ကျန်းမာမှ ပညာသင်ကြားခြင်း၊ အလုပ်လုပ်ကိုင်ခြင်းကိစ္စရပ်များအပြင် လူမှုရေးကိစ္စရပ်များကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အစိုးရအနေဖြင့် လူတိုင်းကျန်းမာစွာ အသက်ရှင်နေထိုင်နိုင်ရေးအတွက် ကျန်းမာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်သွားရန်လိုကြောင်း၊ ထို့ပြင် ကလေးသူငယ်မှအစ သက်ကြီးရွယ်အိုများအထိ ကျန်းမာရေးကောင်းမွန်အောင် လုပ်ဆောင်ပေးရန်နှင့် ခန္ဓာကိုယ်ကြံ့ခိုင်ရေးအတွက် အားကစားလှုပ်ရှားမှုများ ဆောင်ရွက်နိုင်ရန် ဖန်တီးပေးရမည်ဖြစ်ကြောင်း၊ အားကစားသည် တိုင်းပြည်၏ စွမ်းပကားဖြစ်သည့်အပြင် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးသည့်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အဆင့်မီအားကစားကွင်း၊ အားကစားရုံများ တည်ဆောက်ပေးခဲ့ပါကြောင်း၊ ဘဏ္ဍာငွေအပေါ်မူတည်၍ ခရိုင်အဆင့်မှ အဓိကကျသည့် မြို့နယ်အဆင့်အထိ တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ပေးသွားရန် လျာထားပါကြောင်း၊ မြန်မာ့အားကစားကဏ္ဍတွင် ဘက်ပေါင်းစုံ လိုအပ်ချက်ရှိနေသဖြင့် အားကစားအဆင့်အတန်း မြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် လိုအပ်ချက်များကို ပြင်ဆင်ဖြည့်ဆည်းသွားရန်လည်းလိုကြောင်း၊ မိမိအနေဖြင့် အခြေခံလိုအပ်ချက်ဖြစ်သည့် အားကစားကွင်း၊ အားကစားရုံများနှင့် နည်းပြများကို ဦးစွာ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

**ဗလငါးတန်နှင့် ပြည့်စုံသည့် လူငယ်များ မွေးထုတ်ပေးရန်လို**

လူမှုရေးဦးတည်ချက် တတိယအချက်အနေဖြင့် **“နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များ ဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး”**ဟူ၍ ချမှတ်ထားကြောင်း၊ အနာဂတ်နိုင်ငံတော်၏ တာဝန်ကိုထမ်းဆောင်ရန်အတွက် ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလ ဟူသည့် ဗလငါးတန်နှင့် ပြည့်စုံသည့် လူငယ်များ မွေးထုတ်ပေးရန်လိုကြောင်း၊ အကျင့်စာရိတ္တကောင်းမွန်ပြီး အသိဉာဏ်ဖွံ့ဖြိုးသူများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးရန်လိုကြောင်း။

၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ ပညာတတ်သူနည်းပါးပြီး ပညာရေးကဏ္ဍ နိမ့်ကျခဲ့သည်ကို တွေ့ရှိရကြောင်း၊ ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းမည်ဆိုပါက နိုင်ငံသားတိုင်းအသိပညာ၊ အတတ်ပညာများနှင့် ပြည့်စုံရန် လိုအပ်ကြောင်း၊ ထို့ကြောင့် အစိုးရအနေဖြင့် လူငယ်များကိုအခြေခံသည့် အနာဂတ်ကို ဖန်တီးပေးရန်နှင့် ပညာရေးကဏ္ဍ တိုးတက်မြင့်မားအောင် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းနေနိုင်ရေးနှင့် မိမိတို့ရည်မှန်းထားသည့် အနိမ့်အဆုံးအဆင့် KG + 9 အဆင့် ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ထို့ပြင် ပညာရေးဝန်ထမ်းလိုအပ်ချက်ပြည့်မီရေး၊ ထိုက်သင့်သည့် ရာထူးနေရာများရရှိရေးနှင့် လုပ်ငန်းခွင်ပျော်ရွှင်ရေးအတွက်လည်း ဖန်တီးပေးရန်လိုကြောင်း၊ သို့မှသာ ပညာရေးကဏ္ဍ တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ သမာသမတ်ရှိရှိ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်များမွေးထုတ်ရာတွင် ဆရာ ဆရာမများသည် အဓိကတာဝန်ရှိကြောင်း၊ ဆရာ ဆရာမများ၏ သွန်သင်ဆုံးမမှုကောင်းမွန်မှသာ အနာဂတ်တွင် နိုင်ငံတော်မှ အားကိုးအားထားရသည့် အရည်အချင်းပြည့်ဝသော လူငယ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း။

**ပြည်သူ့အကျိုးကို ဖော်ဆောင်ပေးနိုင်သည့် ဝန်ထမ်းများဖြစ်ရန်လို**

အစိုးရတစ်ရပ်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များ များပြားပါကြောင်း၊ လက်ရှိအခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိသူများအနေဖြင့် မိမိတို့ဦးဆောင်ကွပ်ကဲရသည့်ဌာနများအလိုက် လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ငန်းတာဝန်များကို အောင်မြင်အောင်ထိန်းကျောင်း ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိကိုယ်တိုင် အရည်အချင်းရှိပြီး စည်းကမ်းကောင်းမွန်ရန်လိုသကဲ့သို့ မိမိကွပ်ကဲရသည့် အဖွဲ့အစည်းကိုလည်း စည်းကမ်းစနစ်တကျရှိစေရေး ကွပ်ကဲနိုင်မှု အပြည့်အဝရှိရန်လိုကြောင်း၊ အစိုးရဌာနများသည် ပြည်သူကို အလုပ်အကျွေးပြုရသည့် ဌာနများဖြစ်သဖြင့် ဝန်ထမ်းများအနေဖြင့်လည်း ကောင်းမွန်သည့် စီမံခန့်ခွဲမှုရှိသည့်၊ လုပ်ငန်းတာဝန်ကျေပွန်သည့်၊ ပြည်သူ့အကျိုးကို ဖော်ဆောင်ပေးနိုင်သည့် ဝန်ထမ်းများဖြစ်ရန်လိုကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်ခဲ့ရာတွင် အခက်အခဲ၊ အကျပ်အတည်းများစွာကို စုစည်းညီညွတ်သည့်အားဖြင့် ကျော်လွှားနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ သို့သော်လည်း မိမိတို့နိုင်ငံအပေါ် စီးပွားရေးအရ၊ နိုင်ငံရေးအရ ပိတ်ဆို့မှုများ ရှိနေဆဲဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၌ ပြည်တွင်းကုန်ထုတ်လုပ်မှု လုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက မည်သည့်အခက်အခဲ၊ အကျပ်အတည်းကိုမဆို ကျော်လွှားနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အထက်တွင် ပြောကြားခဲ့သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက် ဆိုသည်ထက် နိုင်ငံ၏အကျိုးစီးပွားအတွက်သာ မိမိတို့၏ တာဝန်များကို ကျေပွန်စွာဖြင့် အလုပ်လုပ်ကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးသည် အခြေခံအကျဆုံးဖြစ်ပြီး နိုင်ငံ၏ပညာရေးမြင့်မားမှ နိုင်ငံတိုးတက်မည်

**နေပြည်တော် ဩဂုတ် ၈**

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးသည် အခြေခံအကျဆုံးဖြစ်ကြောင်း၊ နိုင်ငံ၏ပညာရေးမြင့်မားမှ နိုင်ငံတိုးတက်မည်ဖြစ်ကြောင်း၊ ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ကျောင်းအုပ်ကြီးများ၊ ပညာရေးမှူးများအနေဖြင့် မှန်မှန်ကန်ကန်ညွှန်ကြား၍ မှန်မှန်ကန်ကန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများ အမှန်တကယ်ပညာတတ်မြောက်ရေးအတွက် သင်ကြားမှုအခြေအနေများကို အောက်ခြေအထိ ကွင်းဆင်းစစ်ဆေးကြီးကြပ်ရမည်ဖြစ်ကြောင်း၊ ဘာသာရပ်ခွဲဝေတာဝန်ပေးရာတွင် သက်ဆိုင်ရာဆရာ ဆရာမများ ကျွမ်းကျင်ပိုင်နိုင်သည့် ဘာသာရပ်အလိုက် တာဝန်ပေးရန် အရေးကြီးကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွှန့်ဖေက ယမန်နေ့ ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃) အစည်းအဝေးခန်းမ၌ ပညာရေးဝန်ကြီးဌာနမှ တက္ကသိုလ်ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးများ၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများနှင့် တွေ့ဆုံဆွေးနွေးစဉ် ပြောကြားခဲ့သည်။

**တက်ရောက်**

တွေ့ဆုံဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ပညာရေးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတိုးတက်ရေးအတွက် အခြေခံအချက်သည် ပညာတတ်များ ပေါ်များရေးပင်ဖြစ်ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အရည်အချင်းရှိသည့် အသိပညာရှင် အတတ်ပညာရှင်များ မွေးထုတ်ပေးရန် ပညာရေးဝန်ကြီးဌာနတွင် တာဝန်ရှိသည်ဟု လမ်းညွှန်ထားပါကြောင်း၊ ပညာရေးလမ်းကြောင်းပေါ် မရောက်သေးသည့် ကျောင်းနေအရွယ်ကလေးများ ပညာရေးလမ်းကြောင်းပေါ်ရောက်ရှိအောင် ဆွဲခေါ်ကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံ၏ပညာရေးသည် အခမဲ့ပညာရေးစနစ် ဖြစ်ပါကြောင်း၊ KG+9 သည် မသင်မနေရပညာရေးစနစ်ဖြစ်ပါကြောင်း၊ Grade-10 ဆက်လက်မတက်ရောက်ဖြစ်သူများအတွက် ခရိုင် ၅၀ တွင် စက်မှု၊ စိုက်ပျိုးမွေးမြူရေး တွဲဖက်အထက်တန်းကျောင်းပေါင်း ၅၁ ကျောင်း ဖွင့်လှစ်ထားပါကြောင်း၊ Grade-9 အောင်မြင်ပြီးသူများ အဆိုပါကျောင်းများတွင် တက်ရောက်နိုင်ကြောင်းကို Grade-6 မှ Grade-9 အထိ ကျောင်းသား ကျောင်းသူများအား ထပ်ဆင့်ရှင်းလင်း အသိပေးပြောကြားစေလိုပါကြောင်း၊ ဘာသာရပ်ဆိုင်ရာသင်ကြားရေးအဖွဲ့ (Board of Studies- BOS) တစ်ဖွဲ့ချင်းထံမှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် Project Paper များ၊ Term Paper များ ရေးသားပြုစုစေသည့်စနစ်ကျင့်သုံးရေး ဆောင်ရွက်မည့်အစီအစဉ်များ ဩဂုတ်လကုန်တွင် တင်ပြကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာတက္ကသိုလ်များနည်းတူ ပါရဂူဘွဲ့ကြိုသင်တန်း တစ်နှစ်နှင့် ပါရဂူကျမ်းသုံးနှစ်စနစ် ကျင့်သုံးသွားရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းအချင်းချင်း တစ်ဦးနှင့်တစ်ဦး နွေးနွေးထွေးထွေး မေတ္တာထားဆက်ဆံ၍ ပညာရေးလုပ်ငန်းများ အောင်မြင်အောင် ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က နိုင်ငံတော်အစိုးရတာဝန်ယူခဲ့သည့် နှစ်နှစ်ခွဲတာကာလအတွင်း ပညာရေးဆိုင်ရာ အောင်မြင်မှုများကို ရှင်းလင်းပြောကြားကာ မူလတန်းအဆင့်မှ ဘွဲ့ရအဆင့်ထိ ကျောင်းနေနှုန်းလျော့နည်းလာမှုများကြောင့် ပညာရေးမြှင့်တင်ရန် လိုအပ်မှုအခြေအနေ၊ ကျောင်းသား ကျောင်းသူများအတွက် မရှိမဖြစ်လိုအပ်သော စဉ်းစားတွေးခေါ်မှုဆိုင်ရာ ကျွမ်းကျင်မှု (Skill) ငါးမျိုးကို ဦးတည်ချက်သတ်မှတ်ကာ သင်ကြားနည်းစနစ် (Teaching Procedure) ခုနစ်မျိုးဖြင့် လေ့ကျင့်ပျိုးထောင်ပေးရမည့်အခြေအနေ၊ လူငယ်နှင့် လောကနီတိသင်တန်းများ ပို့ချပေးသင့်သည့် အခြေအနေနှင့် သင်ကြားရေးပြက္ခဒိန်၊ အားကစားပြက္ခဒိန်များကို မျှတစွာအကောင်အထည်ဖော်ရန် လိုအပ်မည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

**လုပ်ငန်းလိုအပ်ချက်များကို ရဲရဲဝံ့ဝံ့တင်ပြ**

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် အထူးသဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်သည့် ဒေသများအတွက် လုပ်ငန်းလိုအပ်ချက်များကို ရဲရဲဝံ့ဝံ့တင်ပြ၍ မှန်မှန်ကန်ကန် ဆောင်ရွက်ကြရန်နှင့် ရခိုင်ပြည်နယ်ရှိ မိုခါမုန်တိုင်းဒဏ်ခံစားရသော ကျောင်း၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ တည်ဆောက်ရေးလုပ်ငန်းများကို ဩဂုတ်လကုန်တွင် အပြီးသတ်ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန်၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒဂုံတက္ကသိုလ်၌ ရှေးဦးပြုစုခြင်းသင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဒဂုံတက္ကသိုလ်တွင် ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှု ကော်မတီနှင့် ဒဂုံတက္ကသိုလ် ကြက်ခြေနီအသင်းခွဲတို့ ပူးပေါင်း ဖွင့်လှစ်သော ရှေးဦးပြုစုခြင်း (အခြေခံ)သင်တန်း (၁/၂၀၂၃)နှင့် ရှေးဦးပြုစုခြင်း(သာမန်)သင်တန်း (၁/၂၀၂၃)သင်တန်းဆင်းပွဲတို့ကို ဒဂုံတက္ကသိုလ်ရှိ အရှေ့တိုင်းပညာဌာနတွင် ယမန်နေ့နံနက် ၉ နာရီက ကျင်းပခဲ့သည်။



ဦးစွာ သင်တန်းဆင်းပွဲ၌ ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ အမှုဆောင်ကော်မတီအဖွဲ့ဝင် ဗိုလ်မှူးကြီး မျိုးမြင့်ထွန်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဒဂုံတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာဦးမျိုးမင်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ ရှေးဦးပြုစုခြင်း(အခြေခံ) သင်တန်းကို သင်တန်းသား ၁၈၃ ဦးဖြင့် ဇူလိုင် ၂၄ ရက်မှ ၂၇ ရက်ထိ လည်းကောင်း၊ ရှေးဦးပြုစုခြင်း (သာမန်)သင်တန်းကိုသင်တန်းသား သင်တန်းသူ ၂၈ ဦးဖြင့် ဇူလိုင် ၂၄ ရက်မှ ၃၁ ရက်ထိ လည်းကောင်း ဖွင့်လှစ်ပေးခဲ့ရာ ရှေးဦးပြုစုခြင်း (အခြေခံ)သင်တန်း၌ ထူးချွန်စွာ အောင်မြင်သူငါးဦးနှင့် ရှေးဦးပြုစုခြင်း (သာမန်)သင်တန်း၌ ထူးချွန်ခဲ့ကြသူ ခြောက်ဦးတို့အား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**




## ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်) မိုးရာသီအားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

**ရန်ကုန် ဩဂုတ် ၈**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)၏ ၂၀၂၃ ခုနှစ် မိုးရာသီ "ကျောင်းအုပ်ကြီးဖလား" အဆောင်လိုက် ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း အားကစားပြိုင်ပွဲများကို ဇူလိုင် ၁၇ ရက်မှ ဩဂုတ် ၇ ရက်အထိ ကျင်းပခဲ့ပြီး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းတွင် အဆိုပါကျောင်းအားကစားကွင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး ဘောလုံးဗိုလ်လုပွဲ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြကာ ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက ဆုရရှိသည့်အသင်းများကို တံခွန်စိုက်ဆုဖလားနှင့် ဆုကြေးငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မိုင်းယန်းမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်း အခမဲ့ဖွင့်လှစ်

**မိုင်းယန်း ဩဂုတ် ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လက်သမား၊ ပန်းရန်သင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းက သင်တန်းသားများအနေဖြင့် သင်တန်းမှသင်ကြားပေးမည့် အသိပညာ၊ အတတ်ပညာများကို ကြိုးစားလေ့လာကြရန်နှင့် ရရှိလာသည့်အတတ်ပညာများကို လက်တွေ့ပြန်လည်အသုံးချပြီး မိသားစုဝင်ငွေတိုးပွားအောင် တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ထို့နောက် သင်တန်းနည်းပြဆရာများက သင်တန်းတက်ရောက်ရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များနှင့် သင်ကြားပို့ချမည့် သင်ခန်းစာများအား ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသားများထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လက်သမား၊ ပန်းရန်သင်တန်းသို့ ပန်ဆောင်ကျေးရွာမှ သင်တန်းသား ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် လက်သမား၊ ပန်းရန်နှင့်သက်ဆိုင်သည့် သင်ခန်းစာများကို ကျွမ်းကျင်နည်းပြဆရာနှစ်ဦးက စာတွေ့၊ လက်တွေ့ဖြင့် ဩဂုတ် ၇ ရက်မှ ဩဂုတ် ၂၆ ရက်အထိ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

၂၂၂



အားကစားမြှင့်တင် စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညို





**နေပြည်တော် ဩဂုတ် ၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ယနေ့နံနက် ၆ နာရီမှစတင်၍ အများပြည်သူ ဖူးမြော်ကြည်ညိုခွင့်ပြုခဲ့ရာ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော် ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားခဲ့သည်။

**စနစ်တကျ ပို့ဆောင်ပေး**

ဦးစွာ တာဝန်ရှိသူများက ဘုရားဖူးလာပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် စိတ်လက်အေးချမ်းစွာ ဘုရားဖူးမြော်နိုင်ရေးအတွက် ဘုရားမုခ်ဦးများရှေ့တွင် လုံခြုံရေးအရ လိုအပ်သည့် စစ်ဆေးမှုများဆောင်ရွက်ပေးပြီး သံဃာတော်များ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ ဘုရားရင်ပြင်တော်သို့ သွားလာရေးလွယ်ကူစေရန်အတွက် မော်တော်ယာဉ်ငယ်များဖြင့် စနစ်တကျ ပို့ဆောင်ပေးသည်။

ထို့နောက် ဘုရားဖူးလာ ရဟန်းရှင်လူ၊ ပြည်သူများသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး စိတ်အေးချမ်းသာစွာဖြင့် တရားဘာဝနာပွားများခြင်း၊ အသင်းအဖွဲ့အလိုက် ဝတ်ရွတ်ပူဇော်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်ထားသည့် ဘုရားရင်ပြင်တော်ပေါ်သို့ အလွယ်တကူ တက်ရောက်ဖူးမြော် ကြည်ညိုနိုင်ရေးအတွက် စက်လှေကားကိုလည်း ထည့်သွင်းတည်ဆောက်ထားရှိရာ မသန်စွမ်းသူနှင့် သက်ကြီးရွယ်အိုများအတွက် များစွာအဆင်ပြေလှပြီး စိတ်အေးချမ်းသာစွာဖြင့် ဘုရားဖူးမြော် ကြည်ညိုနေကြသည့် မြင်ကွင်းကိုလည်း တွေ့မြင်ရသည်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်ထားသည့် ရင်ပြင်တော်ပတ်လည်၌ ဂန္ဓကုဋိတိုက် ၂၄ ဆောင်ကို စကျင်ကျောက်များဖြင့် တည်ဆောက်ထားရှိရာ ဘုရားဖူးလာပြည်သူများအနေဖြင့် စိတ်အေးချမ်းသာစွာ ဂန္ဓကုဋိတိုက်တော်များအတွင်းမှ ဘုရားကြီးကို ဖူးမြော်ကြည်ညိုနိုင်ကြသည်။

**ပူဇော်ထားရှိ**

ထို့ပြင် ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများအနေဖြင့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ချိန်တွင် ပိဋကတ်သုံးပုံတော်လာ အဋ္ဌကထာဋီကာ ကျမ်းစာများကို တစ်ပါတည်း လေ့လာဖတ်ရှုကြည်ညိုနိုင်ရေးအတွက် စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များ ထွင်းထုထည့်သွင်းထားသည့် ကျောက်စာရုံစေတီတော် အဆူ ၇၂၀ ကို ရုပ်ပွားတော်မြတ်ကြီး၏ ရှေ့မျက်နှာမူရာတည့်တည့်၌ တည်ဆောက်ပူဇော်ထားရှိရာ စိတ်ဝင်စားစွာ ဖူးမြော်လေ့လာကြည်ညိုကြသည့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားခဲ့သည်။

အဆိုပါ ကျောက်စာရုံစေတီတော်များကို မန္တလေးမြို့ မဟာကုသိုလ်တော်ဘုရား ကျောက်စာရုံများ ပုံစံယူ၍ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ဘုရားဖူးလာ ရဟန်းရှင်လူ၊ ပြည်သူများအနေဖြင့် မည်သည့် ကျောက်စာရုံ၌ ပိဋကတ်သုံးပုံ ကျမ်းစာများကို လေ့လာသည်ဖြစ်စေ ကျောက်စာရုံများမှ ထွက်သည့်အခါ၌ ဘုရားကြီး၏ မျက်နှာတော်ကို တွေ့မြင်ဖူးမြော်ကြည်ညိုနိုင်ရန်နှင့် ပိဋကတ်သုံးပုံ အဋ္ဌကထာဋီကာ ကျမ်းစာများသည်လည်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မျက်နှာတော်မူရာတွင် တည်ရှိနေရန် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးမှ ပညာရှင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ ပညာရှင်များ၊ အခြား အရပ်ဘက်ကျွမ်းကျင်ပညာရှင်များက စနစ်တကျတွက်ချက် တည်ဆောက်ထားခြင်းဖြစ်ပြီး ဘုရားဖူးလာပြည်သူများအနေဖြင့် ဝင်ရောက်ဖူးမြော်ရာ၌ ကျောက်စာရုံစေတီတော်များ၏ ဗိသုကာလက်ရာ၊ အင်ဂျင်နီယာပညာရပ်များကိုလည်း လေ့လာနိုင်မည်ဖြစ်သည်။

အဆိုပါ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်ထားရှိရာ ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒခံယူလျက် ပိဋကတ်တော်လာအဆိုများနှင့် မဟာဗုဒ္ဓဝင်ကျမ်းဂန်တော်များနှင့် အညီ ပြည့်စုံစွာ တည်ထားကိုးကွယ်ခဲ့သည့် မုစလိန္ဒကန်နှင့် နဂါးရုံဘုရားတို့ကိုလည်း ဘုရားဖူးလာပြည်သူများက ကြည်ညိုစွာဖြင့် ဖူးမြော်ကြသည်။

ထို့ပြင် ရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်တော်အတွင်းနှင့် ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ စနစ်တကျ တည်ဆောက်ထားရှိသည့် ရေပန်းရင်ပြင်နှင့် ရေပန်းဝိုင်းအကြီး၊ ရေပန်းဝိုင်းအသေး နေရာများ၌လည်း ဘုရားဖူးလာပြည်သူများ အနေဖြင့် မိသားစုလိုက်လည်းကောင်း၊ မိတ်ဆွေသူငယ်ချင်းအစုအဖွဲ့လိုက် လည်းကောင်း ပျော်ရွှင်စွာ အမှတ်တရ ဓာတ်ပုံရိုက်နေကြသည့် မြင်ကွင်းကိုလည်း တွေ့မြင်ရသည်။

ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထားပူဇော်ထားသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဘုရားကျောင်းကန်များအား လာရောက်ဖူးမြော်ကြည်ညိုကြသည့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ ခေတ္တအနားယူနိုင်စေရေးအတွက် ကျွန်းတိုင်များအသုံးပြု၍ မြန်မာမှုလက်ရာများဖြင့် ရှေးမူမပျက် ဆောက်လုပ်ထားသည့် သုခမ္ဗာဇရပ်များတွင်လည်း အေးချမ်းစွာ အပန်းဖြေအနားယူကြသူများဖြင့် စည်ကားလျက်ရှိသည်။

**စာမျက်နှာ ၇ သို့ »»**



»»» **စာမျက်နှာ ၆ မှ**

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြည်ညိုကြသည့် အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူပြည်သူများအနေဖြင့် ကြည်ညိုသဒ္ဓါပွားများလျက် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အလှူငွေများကို ပေးအပ်လှူဒါန်းလျက်ရှိကြပြီး ခုနစ်ရက်သားသမီး အလှူရှင်များအနေဖြင့်လည်း ဘုရားဖူးပြည်သူများ သုံးဆောင်နိုင်ရန်အတွက် သက်သတ်လွတ် သီးစုံဒံပေါက်များကို အာဟာရဒါန စတုဒိသာအဖြစ် ကျွေးမွေးလှူဒါန်းကြသည်။

အဆိုပါ ဗုဒ္ဓဥယျာဉ်တော်အတွင်း မာရဝိဇယ ကျောင်းတော်နှင့် သာသနာရေးဆိုင်ရာ အခမ်းအနားများကို ခမ်းနားသိုက်မြိုက်စွာကျင်းပနိုင်ရန် သံဃာတော်အပါး ၉၀၀ နှင့် လူပရိသတ် ၁၂၀၀ ဝင်ဆံ့နိုင်သည့် အလျား ၂၉၆ ပေ၊ အနံ ၂၁၃ ပေ၊ အမြင့် ၉၄ ပေရှိအဂ္ဂါမိပတိသာသနာ့ ဗိမာန်တော်ကြီးကိုလည်း ခမ်းနားထည်ဝါစွာဖြင့် တည်ဆောက်ထားသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

အဆိုပါ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်းရှင်လူအများပြည်သူများ အနေဖြင့် ဩဂုတ် ၈ ရက်မှ ၁၆ ရက်အထိ နံနက် ၆ နာရီမှ ည ၈ နာရီအတွင်း အခမဲ့ ဝင်ရောက်ဖူးမြော်ကြည်ညိုနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အသိပေးလိုက်ရပါသည်။

**သတင်း – အောင်သန့်**
**ဓာတ်ပုံ – ဖိုးပြည့်စုံ**















# မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ခဲ့ရသူများ၏ ရင်တွင်းပီတိစကားသံများ

တွေ့ဆုံမေးမြန်း - အောင်သန့်
ဓာတ်ပုံ - ဖိုးပြည့်စုံ

**ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်ခဲ့သည့် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များ အနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်းရှင်လူပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ဩဂုတ် ၈ ရက်မှ ၁၆ ရက် အထိ လုံခြုံရေးအရ လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ကာ အခမဲ့ဝင်ရောက် ဖူးမြော်ခွင့်ပြုသွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်ထားခဲ့သည်။**



မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက် ဖူးမြော်ကြသည့် အနယ်နယ် အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် ဗုဒ္ဓဥယျာဉ်တော်အတွင်း အထူး စည်ကားလျက်ရှိစဉ်။

ထို့ကြောင့် ဩဂုတ် ၈ ရက် နံနက်ပိုင်းမှစတင်၍ မာရဝိဇယ ဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးအား လာရောက် ဖူးမြော်ကြသည့် အနယ်နယ်အရပ်ရပ်မှ ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူများဖြင့် ဗုဒ္ဓဥယျာဉ်တော်အတွင်း အထူး စည်ကားလျက်ရှိပြီး အဆိုပါ ဘုရားဖူး ပြည်သူများနှင့် တွေ့ဆုံ၍ ကြည်ညိုသပ္ပာယ်လှသည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ကိုယ်တိုင်ကိုယ်ကျ ဖူးမြင်ခဲ့ရသည့် ရင်တွင်းဝမ်းသာပီတိစကားသံများကို ရေးသားမျှဝေလိုက်ရပါသည်။

**ဦးဗိုလ်သစ်**
**စစ်ကိုင်းတိုင်းဒေသကြီး**

နေပြည်တော် ရောက်တာနဲ့ ဘုရားကြီး ဖူးမြော်ခွင့်ပြုတဲ့ရက် တိုက်ဆိုင်သွားတဲ့အတွက် အခုလို လာရောက် ဖူးမြော်တာပါ။ ဘုရားကြီး တည်ထားဖို့ စကျင်ကျောက်တော်တွေကို ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်းကနေ အဆင့်ဆင့် သယ်ဆောင်လာပုံတွေကို ရုပ်မြင်သံကြားက ပြသကတည်းက အလွန်ပီတိဖြစ်နေခဲ့တာပါ။ အခုလို အခက်အခဲ အမျိုးမျိုးက အောင်မြင်စွာ တည်ထားနိုင်ခဲ့တဲ့အတွက် ဖော်မပြနိုင်လောက်အောင် ဝမ်းသာမိပါတယ်။ တကယ့်ကို ထူးခြားပြီး သမိုင်းဝင်ဘုရားကြီးတစ်ဆူလည်း ဖြစ်ပါတယ်။ အပြင်မှာ ကိုယ်တိုင်ကိုယ်ကျဖူးမြော်ရတော့ အင်မတန်ခမ်းနားထည်ဝါသပ္ပာယ်လှတာကို တွေ့မြင်ရပါတယ်။ ဘုရားကြီး တည်ထားပူဇော်ဖို့ဆောင်ရွက်ပေးတဲ့ တာဝန်ရှိသူတွေ အားလုံးကို ကျေးဇူး အထူးတင်ပါတယ်။ ရပ်ဝေးရပ်နီးက ဓမ္မမိတ်ဆွေအပေါင်းလည်း ဘုရားကြီးကို လာရောက် ဖူးမြော်ကြပါလို့ နှိုးဆော်လိုပါတယ်။

**ဒေါ်ခင်အုန်းမြင့်(ပျဉ်းမနားမြို့)**

ဘုရားကြီးက ကျောက်ဆစ် ဗုဒ္ဓ ရုပ်ပွားတော်တွေအနက် ဉာဏ်တော်အမြင့်ဆုံး ဘုရားကြီးလို့ သိရပါတယ်။ မြန်မာနိုင်ငံတင်မကဘူး တခြားနိုင်ငံမှာပါမရှိတဲ့ ဘုရားတစ်ဆူဖြစ်ပါတယ်။ ကျွန်မအသက် (၆၇) နှစ်ရှိပါပြီ။ ဒီလို ဉာဏ်တော်မြင့်တဲ့ ဘုရားကြီးကို မဖူးမြော်ဖူးပါဘူး။ အခုဖြစ်ချင်တဲ့ လိုအင်ဆန္ဒတွေဖြစ်မြောက်သွားပါပြီ။ အလွန်အားရဝမ်းသာဖြစ်မိပါတယ်။ ဘုရားကြီးကို တည်ထားပူဇော်တဲ့ တာဝန်ရှိသူတွေ အားလုံးကိုလည်း ကျေးဇူး အထူးတင်ပါတယ်။ ဝမ်းမြောက်ဝမ်းသာနဲ့ သာဓုခေါ်ပါတယ်။ ဘုရားကို ဖူးမြော်ပြီး ခုနစ်ရက်သားသမီးအပေါင်းကိုလည်းမေတ္တာပို့ခဲ့ပါတယ်။ဒါကြောင့် ဘုရားကြီးကို မဖူးမြော်ရသေးတဲ့သူတွေ အရောက်လာကြပါလို့ တိုက်တွန်းလိုပါတယ်။ အဘွားကိုယ်တိုင်လည်း မကြာခဏ လာရောက်ဖူးမြော်သွားမှာပါ။

**ဦးကြည်အောင်(လယ်ဝေးမြို့)**

ဒီဘုရားကြီးကို ဖူးမြော်ချင်လွန်းလို့ စောင့်မျှော်နေခဲ့တာ ကြာပါပြီ။ ဖူးမြော်ခွင့်ပေးတဲ့ ဒီနေ့ နံနက် အစောပိုင်းကတည်းက ကျွန်တော်တို့ သူငယ်ချင်းတွေစုပြီး လာရောက် ဖူးမြော်ခြင်းဖြစ်ပါတယ်။ ဘုရားကြီးကို ရုပ်မြင်သံကြားမှာ ခဏခဏမြင်ခဲ့ပေမယ့် တကယ့်လက်တွေ့မှာ ထင်မှတ်မထားလောက်အောင် ကြည်ညိုသပ္ပာယ်ဖွယ် ကောင်းလွန်းလှပါတယ်။ ဘုရားကြီးရဲ့ ဘုန်းတန်ခိုးတော်ကြောင့် မနက်အစောပိုင်းကတည်းက လာရောက်ဖူးမြော်တဲ့သူတွေ အင်မတန်များပြားလှတာကို တွေ့ရပါတယ်။ နောက်ပြီး ကျောက်စာရုံစေတီတွေမှာလည်း ပိဋကတ်သုံးပုံ ကျမ်းစာတွေကို ဘုရားဖူးလာ ပြည်သူတွေ လှေလှော်နိုင်အောင် ရေးထိုးထားတာကို အံ့မခန်းတွေ့ရပါတယ်။ မုစလိန္ဒကန်နဲ့ နဂါးရုံဘုရားကိုလည်း သွားရောက်ဖူးမြော်သွားမှာပါ။ ဘုရားကြီးကို တည်ဆောက်ပူဇော်ပေးတဲ့ နိုင်ငံတော်က တာဝန်ရှိသူတွေ အားလုံးကို ကျေးဇူးတင်ပါတယ်။ ဘုရားဖူးပြည်သူတွေ သုံးဆောင်ဖို့ လှူဒါန်းတဲ့ သက်သတ်လွတ် သီးစုံဒံပေါက်ကိုလည်း ကုသိုလ်ပြုစားသုံးခဲ့ပါတယ်။ ဗုဒ္ဓဘာသာမြန်မာလူမျိုးတွေအနေနဲ့ ကျောက်ဆစ်ဗုဒ္ဓ ရုပ်ပွားတော်တွေအနက် ဉာဏ်တော် အမြင့်ဆုံးဖြစ်တဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မဖြစ်မနေ လာရောက် ဖူးမြော်ကြစေလိုပါတယ်။

**ကိုကျော်သူရထွန်း**
**တောင်ကြီးမြို့**

ကျွန်တော်က တောင်ကြီးမြို့ကနေ နေပြည်တော်ကို အလုပ်ကိစ္စနဲ့ ရောက်နေတာ ဖြစ်ပါတယ်။ မာရဝိဇယဘုရားကြီးကို ဒီနေ့မှာ စတင် ဖူးမြော်ခွင့်ပြုမယ်လို့ သိရတဲ့အတွက် မအားတဲ့ကြားက တကူးတက လာရောက်ဖူးမြော်တာ ဖြစ်ပါတယ်။ ဘုရားကြီး တည်ဆောက်ပူဇော်ဖို့ စကျင်ကျောက်တော် သယ်ယူတဲ့အခါမှာလည်း ရေလမ်း၊ ကုန်းလမ်းအပြင် နေ့ရောညပါ သယ်ယူရတဲ့အတွက် နေပြည်တော်ကို ရောက်ဖို့ဆိုတာ အတော်ခက်ခဲပါတယ်။ ဘုရားကြီး ပင့်ထောင်တဲ့ အခါမှာလည်း ခေတ်မီစက်ယန္တရားတွေ အသုံးပြုခဲ့ရတယ်လို့ သိရပါတယ်။ ဒီလို အခက်အခဲတွေ ကြားကနေ တည်ထားပူဇော်နိုင်ခဲ့တဲ့အတွက် ဂုဏ်ယူမိပါတယ်။

အခုလို ဘုရားကြီးကို မျက်မြင် လာရောက် ဖူးမြော်ခွင့်ရတဲ့ အတွက်လည်း ဝမ်းသာကျေနပ်ပါတယ်။ နောက်ပြီး ဘုရားကြီးက စကျင်ကျောက်နဲ့ ထုဆစ်တာ အကြီးမားဆုံး ဖြစ်တဲ့အတွက် မှတ်တမ်းတင်ထိုက်စရာ ဘုရားတစ်ဆူလည်း ဖြစ်ပါတယ်။ ဘုရားရဲ့ ပတ်ပတ်လည်စောင်းတန်းတွေမှာ ၅၅၀ ဇာတ်နိပါတ်တော်နဲ့ ၂၄ ပစ္စည်းပဋ္ဌာန်းဒေသနာတော်တွေကို ထုဆစ်ထားတဲ့ ဗိသုကာလက်ရာတွေကိုလည်း တွေ့ရပါတယ်။ ကျောက်စာရုံကြီးမှာ ပိဋကတ်သုံးပုံကို ရေးထိုးတယ်ဆိုတော့ တကယ်ကိုထူးခြားပါတယ်။ အနယ်နယ်အရပ်ရပ်က ပြည်သူတွေလည်း မာရဝိဇယဘုရားကြီးကို လာရောက်ဖူးမြော်ကြပါ။ ကျွန်တော့်လိုပဲ ဘုရားကြီးထဲရောက်တာနဲ့ စိတ်အေးချမ်းတဲ့ ခံစားချက်ကို ရရှိမှာဖြစ်ပါတယ်။

**ဦးပွကြီး(လယ်ဝေးမြို့နယ်)**

ဒီနေ့မှာ မာရဝိဇယဘုရားကြီးကို ဖူးမြော်လို့ရပြီဆိုလို့ ရွာသူရွာသားတွေနဲ့အတူ လာရောက် ဖူးမြော်ကြတာ ဖြစ်ပါတယ်။ ရုပ်မြင်သံကြားမှာ ခဏခဏတွေ့နေရတော့ ဘုရားကြီးကို ဖူးမြော်ချင်လွန်းလို့ ချက်ချင်းပဲ လာခဲ့တာဖြစ်ပါတယ်။ အခုလို ဘုရားကြီးကို မျက်မြင် ဖူးမြော်လိုက်ရတော့ ရင်ထဲမှာ ဝမ်းသာပီတိတွေဖြစ်နေတာ အမှန်ပါပဲ။ ဘုရားကြီးကို တည်ထားပူဇော်ပေးတဲ့သူတွေအားလုံးကို ကျေးဇူးတင်ပါတယ်။ ဘုရားကြီးကို ဖူးမြော်ရတာ စိတ်ချမ်းသာ ကိုယ်ချမ်းသာဖြစ်လို့ အနယ်နယ်အရပ်ရပ်က ပြည်သူတွေကိုလည်း လာရောက်ဖူးမြော်ကြပါလို့ ဖိတ်ခေါ်ချင်ပါတယ်။

**ဦးကျော်ထူး(ပျဉ်းမနားမြို့)**

ဒီနေ့ ကျွန်တော်တို့မိသားစု မာရဝိဇယ ဘုရားကြီးကို လာရောက်ဖူးမြော်ကြတာ ဖြစ်ပါတယ်။ မထင်ထားလောက်အောင်ကို ဘုရားကြီးက သပ္ပာယ်ကြည်ညိုစရာ ကောင်းလှပါတယ်။ နောက်ပြီး စကျင်ကျောက်တွေနဲ့ ထုဆစ်ထားတဲ့အတွက်ထူးခြားတဲ့ဘုရားတစ်ဆူလည်းဖြစ်ပါတယ်။ ဘုရားစောင်းတန်းတွေကိုလည်း စကျင်ကျောက်တွေနဲ့ပဲ ဆောက်လုပ်ထားတယ်လို့ သိရပါတယ်။ ဘုရားကြီး ဖူးမြော်ပြီးရင် စောင်းတန်းတွေထဲမှာရှိတဲ့ ဇာတ်နိပါတ်တော်တွေနဲ့ ၂၄ ပစ္စည်းပဋ္ဌာန်းဒေသနာတော်တွေကို ဆက်လက်လေ့လာကြည်ညိုနိုင်မှာ ဖြစ်ပါတယ်။ ပြီးတော့ ကျောက်စာရုံစေတီတော်မှာလည်း ပိဋကတ်သုံးပုံကျမ်းစာတွေ ရေးထိုးပူဇော်ထားတာကို သိရှိရတဲ့အတွက် သွားရောက်လေ့လာမှာပါ။ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ကုသိုလ်ရှင်တွေလည်း ဘုရားကြီးကို လာရောက် ဖူးမြော်ပြီး လှူနိုင်တန်းနိုင်ကြပါစေလို့ ဆုတောင်းပေးပါတယ်။

**ဦးသန်းမြင့် (ပျဉ်းမနားမြို့)**

ကျွန်တော် မျက်စိခွဲထားတာ မကြာသေးပါဘူး။ ရေထိလို့ မရသေးပါဘူး။ ဒါပေမယ့် ဘုရားကြီးကို အင်မတန်ဖူးမြော်ချင်လွန်းလို့ မိုးရွာနေတာတောင် မရောက်ရောက်အောင် မိသားစုနဲ့အတူ လာရောက်ဖူးမြော်တာဖြစ်ပါတယ်။ ကျွန်တော့်ဘဝမှာ စကျင်ကျောက်နဲ့ ထုဆစ်ထားတဲ့ အကြီးမားဆုံး ဘုရားကို ပထမဆုံးဖူးမြော်ခွင့်ရတာ ဖြစ်ပါတယ်။ အင်မတန် ကြည်ညိုသပ္ပာယ်ဖွယ် ကောင်းပါတယ်။ အရင်က ရုပ်မြင်သံကြားနဲ့ လူမှုကွန်ရက်စာမျက်နှာတွေပေါ်မှာပဲ ဖူးမြော်နေခဲ့ရတာပါ။ အခုလို မျက်မြင်ကိုယ်တွေ့ ဖူးမြော်ခွင့်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်မိပါတယ်။ ဘုရားကြီးပတ်လည်က စောင်းတန်းထဲမှာရှိတဲ့ ဗိသုကာလက်ရာတွေကလည်း ကျွန်တော့်အတွက်တော့ အံ့မခန်းပါပဲ။ ရပ်ဝေးက ပြည်သူတွေကိုလည်း လာရောက်ဖူးမြော်ရင်း ကုသိုလ်ယူကြပါလို့ တိုက်တွန်း နှိုးဆော်လိုပါတယ်။



ဦးဗိုလ်သစ်



ဒေါ်ခင်အုန်းမြင့်



ဦးကြည်အောင်



ကိုကျော်သူရထွန်း



ဦးပွကြီး



ဦးကျော်ထူး



ဦးသန်းမြင့်

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၌ တက္ကသိုလ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စာတမ်းဖတ်ပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၈**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ရှိ မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် တက္ကသိုလ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စာတမ်းဖတ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ ပါမောက္ခချုပ်ဆရာတော် အမှူးပြုသည့် ပါမောက္ခ/ဌာနမှူးဆရာတော်များ၊ သင်တန်းသားသံဃာတော်များကြွရောက်၍ ပြင်ပ ပညာရှင်ဆရာကြီးများ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)မှ တာဝန်ရှိသူများ၊ အလှူရှင်မိသားစုများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြည်ညိုကြသည်။



**ဖတ်ကြားဆွေးနွေး**

စာတမ်းဖတ်ပွဲအခမ်းအနားတွင် ဘဒ္ဒန္တနာဂသေန(လ/ထ ကထိက၊ အဘိဓမ္မပိဋကမဟာဌာန) က ဘာဝရုပ်နှစ်ပါးကို လေ့လာခြင်း စာတမ်း၊ ဘဒ္ဒန္တဝံသပါလ (နည်းပြ၊ ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန) က ပထမအင်းဝခေတ်တွင် ထင်ပေါ်ကျော်ကြားခဲ့သော ဂါမဝါသီအန္ဓယ်ဝင် သံဃရာဇာအရှင်မြတ်များ စာတမ်း၊ ဘဒ္ဒန္တ ကောသိယာဝုဓ(တွဲဖက်ပါမောက္ခ၊ သုတ္တန္တပိဋကမဟာဌာန)က သုတ္တန်ဒေသနာများကို ဆင့်ပွားတွေးမြင် ဆွေးနွေးလေ့လာနည်းဖြင့် ပို့ချသင်ကြားခြင်း စာတမ်း၊ ဘဒ္ဒန္တနာရဒါလင်္ကာရ(လ/ထ ကထိက၊ ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန)က သဗ္ဗညုဗုဒ္ဓပစ္စေက ဗုဒ္ဓသံယုတ္တကထာ စာတမ်း၊ ဘဒ္ဒန္တဥတ္တမ (နည်းပြ၊ ဝိနယပိဋက မဟာဌာန)က ပထမပါရာဇိက သိက္ခာပုဒ်ပညတ်ချိန်ကို လေ့လာခြင်း စာတမ်း၊ အရှင်သုဇန(မဟာကျမ်းပြု၊ ပိဋကတ်ဆိုင်ရာ မြန်မာစာပေဌာန)က ညောင်ရမ်းကြီးသမီး ကျောက်စာလာ မိသားစုဝေါဟာရကို လေ့လာခြင်း စာတမ်း၊ ဘဒ္ဒန္တကေသရ(ကထိက၊ ပိဋကတ်ဆိုင်ရာအင်္ဂလိပ်စာပေဌာန) က Proposed Outline for Integration of General Proficiency Skills in English within the current B.A. (Buddhism) and MA(Buddhism) Curriculum စာတမ်း စုစုပေါင်း စာတမ်းရှင်ဆရာတော် ခုနစ်ပါးတို့က ဖတ်ကြားဆွေးနွေးကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြစ်ကြီးနားမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၈**

မြစ်ကြီးနားမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် ဗလမင်းထင်ခန်းမ၌ ပြုလုပ်ရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်နှင့် အဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များကို တိုင်းမှူးက ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများ၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် သုတ၊ ရသစာအုပ်၊ စာစောင်များပေးအပ်ကာ ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား နယ်မြေခံဆေးကုသရေးအဖွဲ့များက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးကြသည်။ ထိုသို့ဆောင်ရွက်နေမှုများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၈**

အရှေ့တောင်တိုင်း စစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် ပြည့်ဇာနည်အားကစားခန်းမ၌ ကျင်းပရာ တိုင်းမှူး ဗိုလ်မှူးချုပ် စိုးမင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။



ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲပထမနေ့ ပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

**ကျင်းပသွားမည်**

အဆိုပါ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၆ သင်းဖြင့် ဩဂုတ် ၁၄ ရက်အထိ ယှဉ်ပြိုင်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

■

# ကန်ကြီးထောင့်မြို့နယ် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်း ဖွင့်လှစ်သင်ကြားမှု ကွင်းဆင်းစစ်ဆေး

**ကန်ကြီးထောင့် ဩဂုတ် ၈**

ကန်ကြီးထောင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်းကို ဝါးဒူးကျေးရွာအုပ်စု အနောက်စုကြီးကျေးရွာတွင် ဖွင့်လှစ်သင်ကြားနေမှုအခြေအနေကို ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးနေထက်ရှိန်နှင့် ပုသိမ်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဌေးနိုင်တို့က ကွင်းဆင်းစစ်ဆေးရာ ကန်ကြီးထောင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်သဇ္ဇာညွန့်က လိုက်လံရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါ အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်းကို သင်တန်းသား ၃၀ တက်ရောက်ပြီး သင်တန်းကာလတစ်လ ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

**၂၂၂**



# ဧက ၃၀ မိုးစပါးစံပြကွက်ပြပွဲနှင့် အသိပညာပေးပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၈**

ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနနှင့် Yunnan Yuntianhua Group Co.,Ltd. တို့ ပူးပေါင်း၍ ဧက ၃၀ စံပြကွက်ပြပွဲနှင့် အသိပညာပေးဆွေးနွေးပွဲ အခမ်းအနားကို ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာန အောင်မြေယာမျိုးသန့်ခြံ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။



အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်ဆွေ၊ Yuntianhua Group Co.,Ltd. မှ ဒါရိုက်တာ Mr. Fu Shaoxue နှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ အကြံပေး ဦးသက်ဇင်မောင်တို့က အမှာစကားများ ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် တောင်သူများအား မြေဩဇာများကို မဲဖောက်ပေးခဲ့ကာ စိုက်ပျိုးထားသည့် မိုးစပါးစံပြစိုက်ခင်းသို့ ကွင်းဆင်းကြည့်ရှုကြပြီး တောင်သူများအား စိုက်ပျိုးထားသည့် နည်းစနစ်များအကြောင်းကို တာဝန်ရှိသူများက ရှင်းလင်းပြောကြားခဲ့သည်။

မျိုးကောင်းမျိုးသန့်မျိုးစေ့များ သုံးစွဲခြင်းကြောင့် အထွက်နှုန်းကောင်းခြင်း၊ အစေ့အဆန် ပြည့်ခြင်း၊ အရွယ်ညီခြင်း၊ သက်တမ်းတိုခြင်း၊ ပိုးမွှားရောဂါဒဏ်ခံနိုင်ရည်ရှိခြင်း၊ မိုးခေါင်မှုနှင့် ရေကြီးနစ်မြုပ်မှုဒဏ်ကို ခံနိုင်ရည်ရှိခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယခုနှစ်တွင် မိုးစပါးလျာထားဧက ၁၁၄၅၀၀၀ ရှိပြီး ဇူလိုင်လကုန်အထိ စုစုပေါင်း ဧက ၉၆၀၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

**သတင်း - လင်းရာမ၊ ဓာတ်ပုံ - ကိုထက်**

သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# “မိုခါ” မုန်တိုင်းဒဏ်သင့် ရခိုင်ဒေသပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ (၁၂) (နယ်စပ်ရေးရာဝန်ကြီးဌာန)

မြင့်စိုး(နတလ)

### ငါရို့ချစ်တေမြို့စစ်တွေ

မေလ ၁၉ ရက်နေ့ ပထမတစ်ခေါက် ခရီးစဉ်၊ လေယာဉ်ပေါ်မှ မြင်ရသော စစ်တွေမြို့မြင်ကွင်းများက စိတ်ချမ်းမြေ့ဖွယ်ရာ တစ်စက်ကလေးမျှပင်မရှိ၊ အာရုံကို နောက်ကျိရှုပ်ထွေးသွားစေခဲ့သည်။ ဇွန်လ ၁၉ ရက်နေ့ စစ်တွေသို့ ထပ်မံရောက်ရှိခဲ့သော ဒုတိယတစ်ခေါက်ခရီးစဉ်၊ ယခင်အခြေအနေလောက် မဆိုးတော့။ အခြေအနေဟု ကျွန်တော်သုံးနှုန်းလိုက်ခြင်းမှာ ပြီးခဲ့သည့် မေလ ၁၄ ရက်နေ့ “မိုခါ” မုန်တိုင်းဝင်ရောက်မွှေနှောက်တိုက်ခတ်ပြီးစ အခြေအနေနှင့် တစ်လခန့်အကြာ ထပ်မံမြင်တွေ့ခွင့်ရခဲ့သောအခြေအနေနှစ်ခုကို ယှဉ်ကြည့်လိုက်ခြင်းဖြစ်၏။ မြို့သန့်ရှင်းရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အရှိန်ရနေပြီဖြစ်သလို ပတ်ဝန်းကျင်ကျေးရွာများ၌ စိုက်ပျိုးရေးလုပ်ငန်းဆောင်တာများ စတင်နေကြပေပြီ။ ယခု ဇူလိုင်လ ၂၁ ရက်နေ့ ပြန်လည်ရောက်ရှိခဲ့သော တတိယတစ်ခေါက် ခရီးစဉ်ကမူ ပျောက်ဆုံးသွားသော စစ်တွေမြို့ကြီးကို ပြန်တွေ့လိုက်ရဘိအလား၊ စိတ်မှာ ကြည်နူးဝမ်းသာဖြစ်ရပါ၏။

၁၉၉၆ ခုနှစ်တွင် စတင်ရောက်ခဲ့ဖူးသော စစ်တွေ၊ ရခိုင်သားလေသံဖြင့် ပြောရလျှင် ငါရို့ချစ်တေ မြို့စစ်တွေ၊ အနီစစ်တွေအပါအဝင် ရခိုင်ဒေသသို့ နတလဝန်ထမ်းဘဝဖြင့် အကြိမ်ပေါင်းများစွာ၊ အခေါက်ပေါင်းများစွာ ထပ်မံရောက်ခွင့်ကြုံခဲ့ပါသည်။ အငြိမ်းစားမယူမချင်း ၂၀၁၈ ခုနှစ်အထိဟု ဆိုကြပါစို့ရဲ့။ လောကာနန္ဒာ၊ အတုလမာရဇိန် ပြည်လုံးချမ်းသာ၊ လက်ဝဲသလုံးတော်၊ အဓိဋ္ဌာန်စေတီ အစရှိသောတန်ခိုးကြီးဘုရားများကို ဖူးမြော်သည်။ စစ်တွေပွိုင့်မှာ အေးအေးလူလူ အပန်းဖြေနားနေခွင့်ရခဲ့သည်။ ကမ်းခြေက သဲပုံစေတီပွဲဆင်နွှဲနေသူများကိုလည်း အုန်းစိမ်းရည်လေးသောက်ရင်း ငေးခဲ့ဖူးသည်။ စစ်တွေမြို့ထဲက ဘဏ်နားတွင်ရောင်းသည်ဆိုသော နာမည်ကြီးဒေသအစားအစာ စာနာပါရာမုန့်ကိုလည်း စားခဲ့ဖူးသည်။ နှစ်ပေါင်းများစွာ ရင်းနှီးချစ်ခင်ခြင်း၊ သံယောဇဉ်ရှိခြင်းတို့နှင့် အသားကျနေသော စစ်တွေမြို့ကြီးသည် မိုခါမုန်တိုင်းတိုက်ခတ်အပြီး ကျွန်တော့်မြင်ကွင်းထဲမှ ခေတ္တခဏ ကွယ်ပျောက်သွားခဲ့သည်။ သို့သော်ငြားလည်း နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင်ကြီးစွာ လမ်းညွှန်မှု၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှု၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့၏ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်မှု၊ ရခိုင်ပြည်နယ် မြို့နယ်အသီးသီး၌ လာရောက်တာဝန်ထမ်းဆောင်ကြသောတပ်မတော်အရာရှိကြီးများအပါအဝင် လုပ်အားဒါန၊ ပစ္စည်းနှင့် ငွေအလှူဒါန ပေးလှူကြသူများအားလုံး၏ ကြည်လင်ထက်သန်သော ဇောစေတနာတို့ကြောင့် စစ်တွေမြို့ကြီးအပါအဝင် မြို့နယ်အသီးသီး၌ အချိန်တိုအတွင်း မူလအခြေအနေသို့ ရောက်လုနီးပါးဖြစ်နေကြောင်း တွေ့ရသည်။ မျှော်မှန်းထားသည်ကတော့ အရာအားလုံးသည် မူလအခြေအနေထက် ပိုမိုသာလွန်ကောင်းမွန်ရပေမည်။ ယခုလတ်တလောမှာပင် ကျွန်တော့်မြင်ကွင်းထဲက ခေတ္တခဏကွယ်ပျောက်သွားသော ငါရို့ချစ်တေ မြို့စစ်တွေကို ပြန်လည်တွေ့မြင်ခွင့်ရနေပြီ မဟုတ်ပါလား။

### မင်းသားရွှေဘ မကြာမီလာပါတော့မည်

ငယ်စဉ်က ကြည့်ခဲ့ဖူးသော မင်းသားကြီးရွှေဘ၏ရုပ်ရှင်ကားများ၊ ကျွန်တော်အပါအဝင် တောကလူအများအပြားက ရွှေဘကို ကြိုက်ကြသည်။ ကြိုက်ကြပေမပေါ့၊ ရွှေဘဆိုတာက မြေရှင် ယာရှင် ဓနရှင်တွေကို အမြဲတော်လှန်ခဲ့သူ၊ ပစ္စည်းမဲ့လူတန်းစားများ၏ ကယ်တင်ရှင်၊ တောက ဖိုးတုတ်လိုဇာတ်ကားမျိုးဆိုလျှင် အားပေးလိုက်ကြသည်မှာ လက်ခုပ်သံက တဖြောင်းဖြောင်း၊ အခက်အခဲ အကျဉ်းအကျပ်ထဲကျနေပြီဆိုလျှင် ရွှေဘလာကယ်မည်ကို ကြိုသိနေကြသည်။ လူဆိုးတွေနှင့် ယှဉ်ပြိုင်ထိုးသတ်နေလျှင်လည်း ရွှေဘနိုင်မှ သို့မဟုတ်ကတော့ လယ်ကွင်းထဲမှာ ထောင်ထားသော ပိတ်ကားခမျာ ပုစွန်ကျစ်စာ၊ ခဲစာ၊ ပြောင်းဖူးရိုးစာ မိပြီသာမှတ်။ ယခုလည်း ခေါင်းစဉ်တပ်ထားသည်က နယ်စပ်ရေးရာဝန်ကြီးဌာန၊ သို့သော်ငြားလည်း ယခုအချိန်အထိ နယ်စပ်ရေးရာဟူ၍ တစ်လုံးမျှမပါသေး၊ “မိုခါ” မုန်တိုင်းဒဏ်သင့် ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ ခေါင်းစဉ်ဖြင့် ကျွန်တော်ဂုဏ်ပြုဆောင်းပါးများ ရေးသားနေသည်မှာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအထိ ၁၁ ပုဒ် ရှိသွားခဲ့ပေပြီ။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနများက ကျန်နေဆဲ။ အဆိုပါဝန်ကြီးဌာနများနှင့်စပ်လျဉ်း၍ အားနာစွာဖြင့် ကျွန်တော်ပြောလိုသည်ကတော့ မင်းသားကြီးရွှေဘ မကြာမီလာပါတော့မည်ဟူ၍သာ...။

### နယ်စပ်ရေးရာဝန်ကြီးဌာနဆိုသည်မှာ

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေသောဝန်ကြီးဌာနအဖြစ် အားလုံးသိထားကြပြီးဖြစ်ပါသည်။ ဤသို့ဆိုလျှင် ရခိုင်ပြည်နယ်သည်လည်းပဲ နယ်စပ်ဒေသများထဲတွင် ပါဝင်နေသည့်အတွက် မိုခါမုန်တိုင်းမကျရောက်မီမှာ အချိန်ကာလများစွာကတည်းက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း အထူးပြောရန်ပင် မလိုတော့ပါ။ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် “ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီ”တွင် လည်းကောင်း၊ “ပြည်တွင်း နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ” တွင်လည်းကောင်း ဥက္ကဋ္ဌတာဝန်ကို ယူထားရပါသည်။ ထိုထက်ပို၍ညွှန်းဆိုရလျှင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဥက္ကဋ္ဌအဖြစ်တာဝန်ယူဆောင်ရွက်နေသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီတွင်လည်း အတွင်းရေးမှူးတာဝန် ထမ်းဆောင်နေပါသည်။

ပြီးခဲ့သည့် မေလ ၅ ရက်နေ့ မွန်းလွဲပိုင်းအချိန်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီအစည်းအဝေးကို နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ အောက်ပါတို့ကို ထည့်သွင်းမိန့်ကြားခဲ့သည် -

“နယ်စပ်ဒေသ ဖွံ့ဖြိုးရေးသည် နိုင်ငံတော်နှင့်နိုင်ငံသားများအားလုံးနှင့်သက်ဆိုင်ပြီး အလွန်အရေးကြီးသည့် ကဏ္ဍတစ်ခုဖြစ်ပါကြောင်း၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်လာနိုင်သည်နှင့်အမျှ တိုင်းရင်းသားလူမျိုးများအကြား အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုများ ပိုမိုရရှိလာပြီး တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုတွေလည်း တိုးတက်လာမှာပဲဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးမှုနှင့် တည်ငြိမ်အေးချမ်းမှုရှိမှလည်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း”

“တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက လိုလားတောင့်တနေကြသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်နိုင်ရန်အတွက် မရှိမဖြစ်လိုအပ်သည့် တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုလည်း နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်းမှ ရရှိနိုင်သည်ကို အလေးအနက် သတိမူကြရမည်ဖြစ်ကြောင်း”

အထက်ပါ လမ်းညွှန်ချက်များနှင့်အညီ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နေသော နယ်စပ်ရေးရာဝန်ကြီးဌာနသည် ရခိုင်ပြည်နယ်အတွင်း၌လည်း ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်နေသည်မှာ ၁၉၈၉ ခုနှစ်မှ ယနေ့ကာလ ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ်အထိဖြစ်သည်။ ဆက်လက်၍လည်း ဆောင်ရွက်ပေးဦးမည်သာ။

### မိုခါမုန်တိုင်းသင့်ကာလ ပါဝင်ဆောင်ရွက်မှုများ

ဆိုခဲ့သည့်အတိုင်း နတလဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဒေသဆိုင်ရာ လုပ်ငန်းကော်မတီများ၊ လုပ်ငန်းဆပ်ကော်မတီများဖွဲ့စည်း၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နေသော နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် မိုခါမုန်တိုင်း မဖြစ်ပေါ်မီ အကြိုကာလများတွင် ပြင်ဆင်မှုများ ပြုလုပ်၍လည်းကောင်း မုန်တိုင်းဒဏ်ခံရပြီးနောက် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများတွင် ညှိနှိုင်းပေါင်းစပ်ပေးမှုများ၊ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်၍လည်းကောင်း ထက်ထက်သန်သန် ကူညီဆောင်ရွက်ခဲ့သည်။

စာမျက်နှာ ၁၁ သို့ ✻




နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် တောင်သူများအား စပါးမျိုးများ ပေးအပ်စဉ်။

**ပြီးခဲ့သည့် မေလ ၁၄ ရက်နေ့ “မိုခါ” မုန်တိုင်း ဝင်ရောက်မွှေနှောက်တိုက်ခတ်ပြီးစ အခြေအနေနှင့် တစ်လခန့်အကြာ ထပ်မံမြင်တွေ့ခွင့်ရခဲ့သောအခြေအနေနှစ်ခုကို ယှဉ်ကြည့်လိုက်ခြင်းဖြစ်၏။ မြို့သန့်ရှင်းရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အရှိန်ရနေပြီဖြစ်သလို ပတ်ဝန်းကျင်ကျေးရွာများ၌ စိုက်ပျိုးရေးလုပ်ငန်းဆောင်တာများ စတင်နေကြပေပြီ။ ယခု ဇူလိုင်လ ၂၁ ရက်နေ့ ပြန်လည်ရောက်ရှိခဲ့သော တတိယတစ်ခေါက်ခရီးစဉ်ကမူ ပျောက်ဆုံးသွားသော စစ်တွေမြို့ကြီးကို ပြန်တွေ့လိုက်ရဘိအလား၊ စိတ်မှာ ကြည်နူးဝမ်းသာဖြစ်ရပါ၏**

✽ စာမျက်နှာ ၁၀ မှ



နယ်စပ်ရေးရာဝန်ကြီးဌာနက ပြန်လည်ပြုပြင်တည်ဆောက်ပေးခဲ့သည့် ဦးရာဇ်တော် မင်္ဂလာကြိုးတံတား။

မိုခါမုန်တိုင်း ဝင်ရောက်တိုက်ခတ်ပြီးနောက် ထိခိုက်ပျက်စီးသွားသော ဆေးရုံ၊ ဆေးခန်း၊ တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများ၊ သာသနိက အဆောက်အအုံများ၊ ယဉ်ကျေးမှုဆိုင်ရာ အဆောက်အအုံများ၊ လမ်း/တံတားများ၊ လူနေအိမ်များစသည်တို့ ပြန်လည်ပြုပြင်တည်ဆောက်ရန်အတွက် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ စီစဉ်လမ်းညွှန်မှုအရလည်းကောင်း၊ လူမှုရေးအသင်းအဖွဲ့များနှင့် အလှူရှင်များ၏ လှူဒါန်းမှုဖြင့်လည်းကောင်း တည်ဆောက်ရေးလုပ်ငန်းသုံး ပစ္စည်းများ ရောက်ရှိလာခဲ့သည်။ ထိုအထဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာန အနေဖြင့် ခုနစ်ပေသွပ် အချပ် ၁၀၀၀၀၊ ဘိလပ်မြေအိတ် ၃၀၀၀၊ သွပ်ရိုက်သံ/ သံရိုက်သံ ၇၂၅ ပိဿာတို့ကို ပါဝင်လှူဒါန်းခဲ့သည်။ မုန်တိုင်းသင့်ဒေသများတွင် လတ်တလောကြုံတွေ့ရသည့် အခက်အခဲမှာ စားရေးဖြစ်သည်။ ယင်းအခက်အခဲကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန်အတွက် နိုင်ငံတော်အစိုးရ၏ ကူညီထောက်ပံ့မှုများ၊ အလှူရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများက ပေးပို့လှူဒါန်းမှုများဖြင့် ဆန်နှင့် စားသောက်ဖွယ်ရာများ၊ သောက်ရေသန့်များ အစရှိသည်တို့ကို စစ်ရေယာဉ်မုတ္တမကဲ့သို့ တပ်မတော်ရေယာဉ်ကြီးများ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ ရေယာဉ်နှင့် ပုဂ္ဂလိက

> **မိုခါမုန်တိုင်းဒဏ်သင့် ရခိုင်ဒေသပြန်လည်ထူထောင်ရေး လုပ်ငန်းများသည် အချိန်ကာလတစ်ခုတွင် ပြီးဆုံးသွားပါလိမ့်မည်။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဆောင်ရွက်နေသော နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊ နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကမူ ရခိုင်ပြည်နယ်အတွက် ဆက်၍ရှိမြဲရှိနေမည်သာ**

ရေယာဉ်ကြီးများ၊ တပ်မတော်လေယာဉ်၊ မြန်မာ့လေကြောင်းမှ လေယာဉ်များ၊ ကုန်းလမ်းခရီးမှ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့သည်။ ယင်းကဏ္ဍဖြင့်လည်း နယ်စပ်ရေးရာဝန်ကြီးဌာနက ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ ဆန်အိတ် ၁၀၀၀၊ ဆီပိဿာ ၁၅၀၀၊ ဆား အိတ် ၃၀၊ ကုလားပဲပိဿာ ၃၀၀၀၊ ခေါက်ဆွဲခြောက်ဖာ ၂၀၀၀၊ သောက်ရေသန့်ကတ် ၂၅၀၀ လှူဒါန်းခဲ့ပါသည်။

**ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ကွပ်ကဲဆောင်ရွက်**

မုန်တိုင်းသင့် ဒေသများအားလုံးအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ လာရောက်ကွပ်ကဲဆောင်ရွက်ကြသူများမှာ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမျိုးသန့်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်တို့ ဖြစ်ကြသည်။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးတို့က တပ်ပိုင်းဆိုင်ရာကွပ်ကဲမှုကို ဆောင်ရွက်ပေးသကဲ့သို့ သက်ဆိုင်ရာမြို့နယ်အလိုက် တာဝန်ပေးထားသော တပ်မတော် အရာရှိကြီး ၁၄ ဦးလည်း ရှိနေသည်။ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့၏ စီမံဆောင်ရွက်မှုများဖြင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီးများသည် မိမိတို့တာဝန်ယူထားရသောဆပ်ကော်မတီများအလိုက် ဒေသခံပြည်သူများကို ဘေးလွတ်ရာသို့ ကြိုတင်ရွှေ့ပြောင်းပေးခြင်း လုပ်ငန်းများကအစ၊ နေထိုင်စားသောက်ရေးကိစ္စရပ်များကို တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ သဘာဝဘေးကြုံတွေ့လာချိန်တွင်လည်း အမိုးအကာအောက်သို့ အမြန်ဆုံးရောက်ရှိရေး၊ ကယ်ဆယ်ကူညီထောက်ပံ့ရေးပစ္စည်းများ ဖြန့်ဝေပေးရေးလုပ်ငန်းများကို လတ်တလော စီစဉ်ဆောင်ရွက်ပေးခဲ့ကြသည်။ သန့်ရှင်းသောသောက်သုံးရေများ ဖြန့်ဝေပေးခဲ့သည်။

ယင်းလုပ်ငန်းများ ဆောင်ရွက်ရင်းဖြင့် အဓိကလုပ်ငန်းတာဝန်များဖြစ်သည့် ဆေးရုံ၊ ဆေးခန်းများကို အမြန်ဆုံး ပြန်လည်ပြုပြင်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပုံမှန်ဆောင်ရွက်ပေးနိုင်ရေး၊ ဆက်သွယ်ရေးအော်ပရေတာများ ပြန်လည်ကောင်းမွန်ရေး၊ လျှပ်စစ်မီးများ ပြန်လည်ပို့လွှတ်ပေးနိုင်ရေး၊ သတ်မှတ်ကာလအမီ ကျောင်းများ၊ တက္ကသိုလ်များ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ သာသနိကအဆောက်အအုံများ တန်ခိုးကြီးဘုရားစေတီများ၊ ယဉ်ကျေးမှု အဆောက်အအုံများ ပြန်လည်ပြုပြင် တည်ဆောက်ရေး၊ လမ်း/တံတားများ ပြန်လည်ကောင်းမွန်ရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် အထူးသဖြင့် မိုးစပါးရာသီအမီ စပါးမျိုးများနှင့် ထွန်ယက်စိုက်ပျိုးရေးကိစ္စ၊ သွင်းအားစုပံ့ပိုးပေးရေးကိစ္စများ အဆင်ပြေချောမွေ့စေရေး၊ တည်ဆောက်ရေးလုပ်ငန်းများတွင် လိုအပ်သောသစ်ခွဲသားများ အချိန်မီရောက်ရှိဖြန့်ဖြူးပေးနိုင်ရေး စသည်တို့ကို ကွပ်ကဲကြပ်မတ်ဆောင်ရွက်ခဲ့ကြသည်။ ကုလားတန်ဘက်စုံသုံးဆိပ်ကမ်းတွင် ကူညီကယ်ဆယ် ထောက်ပံ့ရေးပစ္စည်းများ သယ်ယူပို့ဆောင်ပေးနေသော သင်္ဘောကြီးများ ဝင်/ ထွက်ဆိုက်ကပ်မှုများ အဆင် ပြေ/ မပြေ၊ ပစ္စည်းများ လျင်မြန်စွာ ချထားသယ်ယူနိုင်မှု ရှိ/ မရှိနှင့် သက်ဆိုင်ရာနေရာဒေသများသို့ အချိန်မီ ရောက်/ မရောက်ကိုလည်း မပြတ်ကြည့်ရှု စစ်ဆေးကြရပါသေးသည်။ ထိုလုပ်ငန်းများတွင် အဓိကအခန်းကဏ္ဍ၌ ပါဝင်ထမ်းရွက်နေကြသော၊ တစ်နည်းအားဖြင့်ပြောရလျှင် လုပ်အားဒါနပြုနေကြသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များကိုလည်း ချီးကျူးမှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။ ၎င်းတို့သည် သင်္ဘောဆိပ်တွင်သာမက မြို့အလိုက်၊ မြို့နယ်အလိုက် ရှင်းလင်းရေး လုပ်ငန်းများတွင်လည်း နိစ္စဓူဝမိုးလင်းမိုးချုပ် ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ မိုခါမုန်တိုင်းက သစ်ပင်ကြီး၊ ငယ်မဟူ အားလုံးကို ရသလောက်ဖြိုသွားခဲ့ပေရာ လဲကျခဲ့သောအချို့အပင်များမှာ အလွန်ကြီးမားသည်။ သာမန်ဓားများ၊ လွှများဖြင့် ဖြတ်တောက်ရှင်းလင်းရန် မလွယ်ကူပါ၊ Chain Saw များ ကူရသည်။ မကြာခဏလည်း ပျက်၏။ ထိုရှင်းလင်းရေးလုပ်ငန်းများတွင် အသုံးပြုရန် နယ်စပ်ရေးရာဝန်ကြီးဌာနက Chain Saw အလက် ၂၀ နှင့် မြက်ဖြတ်စက် ၁၀ လုံးကိုပါ ဝယ်ယူထောက်ပံ့ပေးခဲ့ပါသည်။ ဌာနပိုင်ယာဉ်/ ယန္တရားများကိုလည်း ရှင်းလင်းရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်စေခဲ့သည်။

**ရေသန့်စက်များပါဝင်လှူဒါန်း**

မုန်တိုင်းသင့်ဒေသများတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက သန့်ရှင်းသောသောက်သုံးရေများ ဖြန့်ဝေပေးနိုင်ရေးအတွက် ရွေ့လျားရေသန့်ကားများ၊ ဆိုလာသုံး ရွေ့လျားရေသန့်စက်များ၊ Lite Straw ရေသန့်စက်များကို မြို့နယ်အလိုက် ကျေးရွာများသို့အရောက် ဖြန့်ခွဲပေးပို့ဆောင်ရွက်ခဲ့သည်။ ထိုအထဲတွင် နယ်စပ်ရေးရာ ဝန်ကြီးဌာနအနေဖြင့်လည်း ဆိုလာသုံးရွေ့လျားရေသန့်စက် ၁၀ စုံ၊ Lite Straw ရေသန့်စက် အလုံး ၂၀၀ တို့ ပါဝင်လှူဒါန်းပေးခဲ့ပြီး စာသင်ကျောင်းများတွင် ရေမော်တာများ ပြုပြင်ဆောင်ရွက်ပေးခဲ့သည်။ ၎င်းအပြင် ရခိုင်ပြည်နယ်အတွင်း ကျေးရွာများ၌ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်ကတည်းက တူးဖော်ပေးထားသော ရေကန်များ ပြန်လည်သန့်ရှင်းရေး၊ လက်တူးတွင်းများ၏ အမိုးအကာပြုပြင်ပေးရေးကိစ္စများကိုပါ ပြန်လည်ဆောင်ရွက်ပေးခဲ့သည်။

**ဘုရား၊ စေတီနှင့် သာသနိကအဆောက်အအုံများပြုပြင်**

နယ်စပ်ရေးရာ ဝန်ကြီးဌာနသည် စစ်တွေမြို့ လောကာနန္ဒာစေတီဝင်းအတွင်းရှိ မဟာဝေယန် သာသနာ့ဗိမာန်တော်ကြီး ပြန်လည်ပြုပြင်ရန် ငွေကျပ် ၁၄၀ ဒသမ ၉၇၆ သန်း၊ လောကာနန္ဒာစေတီတော်ဝင်းခြံစည်းရိုးနှင့်ရင်ပြင်တံတိုင်းပြုပြင်ရန် ငွေကျပ် ၁၁ ဒသမ ၁၃၁ သန်း၊ ရန်အောင်မြင် ဓာတုကိုးနဝင်းစေတီပြုပြင်ရန် ၂၄ ဒသမ ၄၂၈ သန်း၊ မြောက်ဘက်ကိုးနဝင်း ဓာတုစေတီ အဆောက်အအုံပြုပြင်ရန် ငွေကျပ် ၁၆ ဒသမ ၄၅၁ သန်း၊ အတုလမာရဇိန် ပြည်လုံးချမ်းသာဘုရားကြီး မြန်မာမှုလုပ်ငန်းများပြုပြင်ရန်အတွက် ငွေကျပ် ၆၁ ဒသမ ၇၅၀ သန်း၊ ရှင်ကလေးစေတီ ထီးတော်ပြုပြင်ရန် ငွေကျပ် ၆ ဒသမ ၃၀ သန်း၊ မဟာဇေယျာသိဒ္ဓိစေတီသိမ်နှင့် ထီးတော်ပြုပြင်ရန် ငွေကျပ် ၁၂ ဒသမ ၂၆၀ သန်း၊ လက်ဝဲသလုံးတော် ဓာတ်စေတီ အဆောက်အအုံပြုပြင်ရန် ငွေကျပ် ၃ ဒသမ ၇၀၂ သန်း၊ အရှေ့ဘက်ကိုးနဝင်းဓာတုစေတီပြုပြင်ရန် ၁၀ ဒသမ ၄၀ သန်း၊ ရန်ပြေမာန်ပြေဘုရားကြီး သိမ်တော်ရွှေဆေး၊ ဆလိုက်မီးနှင့် ရေတိုင်ကီများပြုပြင်ရန် ငွေကျပ် ၈ ဒသမ ၁၀ သန်း၊ မောင်တောခရိုင် တောင်ပြိုလက်ဝဲ နံ့သာတောင်ဘုရားကြီးရှိ ကျောင်းသားအိပ်ဆောင်ပြုပြင်ရန် ငွေကျပ် ၁၀ ဒသမ ၀၀ သန်း၊ ပုဏ္ဏားကျွန်းမြို့နယ် ဦးရာဇ်တော်မင်္ဂလာကြိုးတံတား ပေ ၃၂၀ ပြန်လည်ပြုပြင်ရန် ငွေကျပ်၅၉ ဒသမ ၉၂၆ သန်းတို့ကို ကျခံသုံးစွဲလှူဒါန်းခဲ့ပါသည်။ ၎င်းအပြင် ရှင်မာကုကာသီဒြယ် ဘုရားရှိခိုးကျောင်း၊ ဟိန္ဒူဘုရားကျောင်းတို့ပြုပြင်တည်ဆောက်ရန်အတွက်လည်း အလှူငွေများပေးအပ်ခဲ့သည်။ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ခွန်သန့်ဇော်ထူးသည် ဇူလိုင်လ ၂၃ ရက်နေ့တွင် ပုဏ္ဏားကျွန်းမြို့သို့ သွားရောက်၍ ဦးရာဇ်တော်မင်္ဂလာကြိုးတံတား တည်ဆောက်ပြီးစီးမှုအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

**အထွေထွေလှူဒါန်းမှုများ**

နယ်စပ်ရေးရာ ဝန်ကြီးဌာနသည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ ဆိုလာမီးအစုံ ၅၀၀၊ ဌာနဆိုင်ရာများနှင့် နယ်မြေခံတပ်ရင်းတပ်ဖွဲ့များအတွက် ဆိုလာမီးအစုံ ၁၅၀ လှူဒါန်းမှုအပြင် စစ်တွေမြို့ရှိ ဘိုးဘွားရိပ်သာအတွက်လည်း ငွေကျပ်သိန်း ၃၀ လှူဒါန်းထောက်ပံ့ပေးခဲ့သည်။

**မိုခါအလွန်ကာလမှာ**

မိုခါမုန်တိုင်းဒဏ်သင့် ရခိုင်ဒေသ ပြန်လည်ထူထောင်ရေး လုပ်ငန်းများသည် အချိန်ကာလတစ်ခုတွင် ပြီးဆုံးသွားပါလိမ့်မည်။ နယ်စပ်ရေးရာဝန်ကြီးဌာနကဆောင်ရွက်နေသော နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကမူ ရခိုင်ပြည်နယ်အတွက် ဆက်၍ရှိမြဲရှိနေမည်သာ။ ယခုစတင်နေပြီဖြစ်သော ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် လုပ်ငန်းများထဲတွင် လမ်း/ တံတား လုပ်ငန်းများလည်းပါမည်။ တန်ဖိုးနည်းအိမ်ရာ ဆောက်လုပ်ခြင်းလုပ်ငန်းများလည်းပါမည်။ ပြီးလျှင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများ၊ စက်မှုလက်မှုသင်တန်းကျောင်းဆိုင်ရာ ကိစ္စရပ်များ ပါဝင်နေပါလိမ့်မည်။ ထို့ပြင်တဝနတလဗဟိုကော်မတီ၏ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းများလည်း ရှိနေပါဦးမည်။ စင်စစ်သော်ကား နယ်စပ်ရေးရာဝန်ကြီးဌာန၊ ရခိုင်ဒေသနှင့် နတလ လုပ်ငန်းများသည် ခွဲခြား၍ မရစကောင်း၊ ၁၉၈၉-၁၉၉၀ ပြည့်နှစ်ကတည်းက ဆုံတွေ့ခဲ့ကြသည့် ရေစက်ဖြစ်သည်။ မိုခါအလွန်ကာလများ၌လည်း နယ်စပ်ရေးရာဝန်ကြီးဌာနသည် ရခိုင်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်နေဦးမည်သာ..........။ ။

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်

**နေပြည်တော် ဩဂုတ် ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်လျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကို လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများဖြင့် ဝင်ရောက်လာသူများကို ဆုကြေးငွေများထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားရှိပြီးဖြစ်ရာ ဩဂုတ် ၇ ရက်တွင်လည်း ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF အဖွဲ့မှ အလင်းဝင်ရောက်လာသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို ကချင်ပြည်နယ် ပူတာအိုမြို့ရှိ ဗန္ဓုလခန်းမ၌ ပြုလုပ်ရာ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ပူတာအိုခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

**ထောက်ပံ့ပေးအပ်**

ဦးစွာ နယ်မြေခံတပ်မှ တာဝန်ရှိသူတစ်ဦးက အမှာစကားပြောကြားပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့်ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ကချင်ပြည်နယ် ပူတာအိုမြို့နှင့် နောင်မွန်မြို့တို့မှ PDF အဖွဲ့ဝင် အမျိုးသားငါးဦးတို့ကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးပြီး ထောက်ပံ့ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိခြင်းကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။



**သတင်းစဉ်**

# အာဆီယံအမွေအနှစ်ဥယျာဉ် အုပ်ချုပ်ရေးမှူးများ သဘာဝထိန်းသိမ်းရေးနယ်မြေတို့တွင် စီမံအုပ်ချုပ်မှုဆိုင်ရာ ထိရောက်မှုဆန်းစစ်ခြင်းစနစ် အလုပ်ရုံဆွေးနွေးပွဲအတွေ့အကြုံကို ဆင့်ပွားပြန်လည်ပို့ချသွားမည်

**ရန်ကုန် ဩဂုတ် ၈**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဇူလိုင် ၂ ရက်မှ ၆ ရက်အထိ အာဆီယံအမွေအနှစ်ဥယျာဉ် အုပ်ချုပ်ရေးမှူးများ သဘာဝထိန်းသိမ်းရေး နယ်မြေတို့တွင် စီမံအုပ်ချုပ်မှုဆိုင်ရာ ထိရောက်မှုဆန်းစစ်ခြင်းစနစ် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ ဥယျာဉ်အုပ်ချုပ်ရေးမှူးခုနစ်ဦး တက်ရောက်ဆွေးနွေးခဲ့ပြီး ယင်းအတွေ့အကြုံများကို နိုင်ငံအတွင်းရှိ အာဆီယံအမွေအနှစ် အမျိုးသားဥယျာဉ်များနှင့် သဘာဝဘေးမဲ့တောတို့မှ အုပ်ချုပ်ရေးမှူးများကို နေပြည်တော်၌ ဆင့်ပွားဆွေးနွေးပို့ချသွားမည် ဖြစ်ကြောင်း သိရသည်။



**ဆွေးနွေး**

မြန်မာနိုင်ငံမှ အာဆီယံအမွေအနှစ်ဥယျာဉ်များ၏ အုပ်ချုပ်ရေးမှူး ခုနစ်ဦးပါဝင်သောအဖွဲ့သည် အာဆီယံအမွေအနှစ်ဥယျာဉ် အုပ်ချုပ်ရေးမှူးများ သဘာဝထိန်းသိမ်းရေးနယ်မြေတို့တွင် စီမံအုပ်ချုပ်မှုဆိုင်ရာ ထိရောက်ဆန်းစစ်ခြင်းစနစ် အလုပ်ရုံဆွေးနွေးပွဲတွင် အင်ဒိုနီးရှား၊ ထိုင်း၊ စင်ကာပူ၊ ဘရူနိုင်း၊ ဗီယက်နမ်နိုင်ငံတို့ပါဝင်သည့် အုပ်စုအေနှင့် မြန်မာ၊ ကမ္ဘောဒီးယား၊ မလေးရှား၊ ဖိလစ်ပိုင်၊ လာအို၊ ထိုင်းနိုင်ငံ(လေ့လာသူ)တို့ ပါဝင်သည့် အုပ်စုဘီအဖြစ်ခွဲခြား၍ ပါဝင်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲ၏ အဓိကရည်ရွယ်ချက်သည် အာဆီယံနိုင်ငံများ တစ်နိုင်ငံနှင့်တစ်နိုင်ငံ သဘာဝဥယျာဉ်များ၊ အာဆီယံအမွေအနှစ်ဥယျာဉ်များနှင့် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများ ရေရှည်တည်တံ့ဖွံ့ဖြိုးရေး ဝိုင်းဝန်းထိန်းသိမ်းနိုင်ရန်၊ အဆိုပါဘေးမဲ့တောများရှိ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နိုင်စေရန်၊ ACB အဖွဲ့၏ ထောက်ပံ့မှုဖြင့် အာဆီယံနိုင်ငံများမှ SMART နည်းပညာနှင့် ကင်းလှည့်ဆောင်ရွက်မှုကို အထောက်အပံ့ဖြစ်စေရန်၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံဘေးမဲ့တောများ ထိန်းသိမ်းစောင့်ရှောက်ရာ၌ SMART နည်းပညာဖြင့် လျင်မြန်စွာသိရှိ ကူညီလိုက်နာဆောင်ရွက်နိုင်ရန်နှင့် အာဆီယံအမွေအနှစ် ဥယျာဉ်မှူးများ လက်တွဲဆောင်ရွက်မှုဖြင့် မိမိတို့နိုင်ငံရှိ အမျိုးသားဥယျာဉ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်လာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"ACB အဖွဲ့အနေနဲ့ အခြားသောအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး အာဆီယံဒေသတွင်းနိုင်ငံများမှ အမျိုးသားဥယျာဉ်တွေ၊ သဘာဝထိန်းသိမ်းရေးနယ်မြေတွေကို အထောက်အပံ့နဲ့ နည်းပညာပေးတာရှိတယ်။ အာဆီယံအမွေအနှစ် အမျိုးသားဥယျာဉ်တွေကို ထိန်းသိမ်းရာမှာ တစ်နိုင်ငံနဲ့တစ်နိုင်ငံ အားသာချက်၊ အားနည်းချက်ကို ပေါင်းစပ်ညှိနှိုင်း အဖြေရှာတဲ့အလုပ်ရုံဆွေးနွေးပွဲလည်းဖြစ်ပါတယ်။ ရေခဲဖုံးလွှမ်းတဲ့ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်နဲ့ လန်ပိကျွန်းအမျိုးသားဥယျာဉ်၊ အင်းတော်ကြီးကန်စတဲ့ဒေသတွေမှာ ကင်းလှည့်ဆောင်ရွက်မှုပုံစံ အနေအထား မတူညီတဲ့အတွက် တောရိုင်းတိရစ္ဆာန်၊ မုဆိုးနဲ့ တောတွင်းအချက်အလက်ဒေတာတွေကို SMART နည်းပညာနဲ့ ကင်းလှည့်ထိန်းသိမ်းမှုလမ်းကြောင်း ဒေတာအတွက် ဗားရှင်းအမြင့်ကို အသုံးပြုပြီး တောရိုင်းတိရစ္ဆာန်နဲ့ အမျိုးသားဥယျာဉ်ထိန်းသိမ်းရေးကို တစ်နိုင်ငံနဲ့တစ်နိုင်ငံ လက်တွဲဆောင်ရွက်နေကြတာပါ။ အားလုံးတစ်ပြေးညီဖြစ်အောင် ကြိုးစားနေပါတယ်။ အဓိကအားဖြင့် အာဆီယံဒေသတွင်း နိုင်ငံတွေက သဘာဝဥယျာဉ်တွေမှာ ဇီဝမျိုးစုံမျိုးကွဲတွေ ရေရှည်တည်တံ့ဖွံ့ဖြိုးပြီး သဘာဝပတ်ဝန်းကျင်ကို ဟန်ချက်ညီညီ လက်တွဲထိန်းသိမ်းသွားနိုင်ဖို့ပါ"ဟု လန်ပိကျွန်း အမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးကြည်ဦးက ပြောသည်။

မြန်မာ့ပင်လယ်ပြင်တွင် ရတနာသိုက်တစ်ခုဖြစ်သည့် လန်ပိကျွန်းအမျိုးသားဥယျာဉ်ကြီး တည်ရှိပြီး ထိုင်းနိုင်ငံပင်လယ်ပြင်၌ တာယက်တိုအမျိုးသားဥယျာဉ်ကြီးတစ်ခုတည်ရှိ၍ ဒေသခံရေလုပ်သားများ၊ ထိုင်းနိုင်ငံရေတပ်နှင့် သက်ဆိုင်ရာဌာနဆိုင်ရာတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် တာယက်တိုအမျိုးသားဥယျာဉ်ကြီးကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်လျက်ရှိရာ ထိုဥယျာဉ်သို့ နှစ်စဉ် ကမ္ဘာလှည့်ခရီးသွားဝင်ရောက်မှုမှ နိုင်ငံခြားဝင်ငွေရရှိလျက်ရှိသည်။

အာဆီယံအမွေအနှစ်ဥယျာဉ် အုပ်ချုပ်ရေးမှူးများ သဘာဝထိန်းသိမ်းရေးနယ်မြေတို့တွင် စီမံအုပ်ချုပ်မှုဆိုင်ရာ ထိရောက်မှုဆန်းစစ်ခြင်းစနစ် အလုပ်ရုံဆွေးနွေးပွဲတွင် ဒေတာအချက်အလက်များ စနစ်တကျ စုဆောင်းနိုင်ရန်နှင့် SMART နှင့် METT Version စနစ်ကို လင့်ခ်ချိတ်ဆက် ဆောင်ရွက်ခြင်းဖြင့် အာဆီယံအမျိုးသားဥယျာဉ်များ တောတွင်းကင်းလှည့်ဆောင်ရွက်မှုကို ဒေသတွင်းနိုင်ငံများ တစ်ပြေးညီသိရှိ၍ ပူးပေါင်းဆောင်ရွက်နိုင်ရန် အာဆီယံနိုင်ငံများမှ အုပ်ချုပ်ရေးမှူးများ တက်ရောက်ဆွေးနွေးခဲ့ကြပြီး မြန်မာနိုင်ငံ၌ အဆိုပါအလုပ်ရုံဆွေးနွေးပွဲမှ အတွေ့အကြုံများကို နေပြည်တော်တွင် ဆင့်ပွားဆွေးနွေးပွဲများအဖြစ် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**
**ဓာတ်ပုံ - လန်ပိကျွန်း**

# ပန်းတောင်းမြို့နယ်၌ ကောက်စိုက်စက်(လက်ဆွဲ)ဖြင့် စပါးစိုက်ပျိုးနည်းစနစ်ပြသခြင်း အခမ်းအနားကျင်းပ

**ပန်းတောင်း ဩဂုတ် ၈**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကောက်စိုက်စက်(လက်ဆွဲ)ဖြင့် စပါးစိုက်ပျိုးနည်းစနစ်ပြသခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အဆိုပါအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သူရက အဖွင့်အမှာစကားပြောကြားပြီး ပြည်ခရိုင် စက်မှုလယ်ယာဦးစီးဌာနဦးစီးမှူး ဦးသိန်းဇော်က ကောက်စိုက်စက်(လက်ဆွဲ)ဖြင့် စပါးစိုက်ပျိုးနည်းစနစ်များဖြစ်သည့် စပါးမျိုးရွေးချယ်ခြင်းနှင့် မျိုးညှောင့်ဖောက်ခြင်း၊ ပျိုးဗန်းဖြင့် ပျိုးထောင်ခြင်း၊ ပျိုးပေါင်ဖြင့်ပျိုးထောင်ခြင်း၊ ပျိုးချပ်ခွာခြင်း၊ စိုက်ခင်းမြေပြုပြင်ခြင်းနှင့် စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်း စသည့်အကြောင်းအရာများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ကောက်စိုက်စက်(လက်ဆွဲ)ဖြင့် စပါးစိုက်ပျိုးနည်းစနစ်အား တက်ရောက်လာသော ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ တောင်သူများကို ပရိုဂျက်တာဖြင့် ပြသခဲ့ပြီး သိရှိလိုသည်များကို တောင်သူများက ပြန်လည်မေးမြန်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။အခမ်းအနားသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ တောင်သူများ စုစုပေါင်း ၇၈ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။



**လပြည့်လင်း (ပြန်/ဆက်)**

# တရုတ်နှင့်ရုရှားနိုင်ငံအကြား မဟာဗျူဟာမြောက် ညှိနှိုင်းမှုများ ဆက်လက်လုပ်ဆောင်မည်

**ပေကျင်း ဩဂုတ် ၈**

တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် နိုင်ငံတကာနှင့် နိုင်ငံစုံအဆင့်များတွင် အနီးကပ် မဟာဗျူဟာမြောက် ညှိနှိုင်းဆောင်ရွက်မှုများကို ဆက်လက်လုပ်ဆောင်နေကြောင်း၊ ထို့ပြင် နိုင်ငံတကာဆက်ဆံရေးကဏ္ဍတွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်ကို မြှင့်တင်ရာ၌ နိုင်ငံတကာဆက်ဆံရေး၏ အခြေခံစံနှုန်းများကိုလိုက်နာပြီး ဆက်လက်ဆောင်ရွက်နေကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက ယမန်နေ့တွင် ပြောကြားခဲ့သည်။

ယခုကဲ့သို့သော ပူးပေါင်းဆောင်ရွက်မှုများသည် နှစ်နိုင်ငံစလုံးအတွက် နိုင်ငံတကာနယ်ပယ်တွင် ဆောင်ရွက်ရမည့် ဝတ္တရားများဖြစ်ပြီး တရုတ်-ရုရှား နှစ်နိုင်ငံအကြား မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ခြင်း၏ အရေးကြီးသည့် အစိတ်အပိုင်းများဖြစ်ကြောင်း ၎င်းက မှတ်ချက်ပြုသည်။

ထို့ပြင် BRICS နိုင်ငံများဆိုင်ရာ ယန္တရားသည် ခေတ်ရေစီးကြောင်းအရ လိုက်လျောညီထွေမှု ရှိသောကြောင့် နိုင်ငံပေါင်း နှစ်ဆယ်ကျော်သည် BRICS နှင့်ပူးပေါင်းရန် ဆန္ဒရှိကြောင်း၊ အဆိုပါလုပ်ငန်းစဉ်ကို အရေးတကြီးလုပ်ဆောင်နေကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

ယခုနှစ် မတ်လတွင် တရုတ်သမ္မတ ရှီကျင့်ဖျင်က ရုရှားနိုင်ငံသို့ လာရောက်လည်ပတ်ပြီးနောက် နှစ်နိုင်ငံကြား မဟာဗျူဟာမြောက် ညှိနှိုင်းဆောင်ရွက်မှုနှင့် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုသည် အပေါင်းလက္ခဏာဆောင်ခဲ့ကြောင်းနှင့် နှစ်နိုင်ငံကုန်သွယ်မှုပမာဏသည် အမြင့်မားဆုံးသို့ ရောက်ရှိခဲ့ပြီး စွမ်းအင် ပူးပေါင်းဆောင်ရွက်မှုကို တည်ငြိမ်စွာ လုပ်ဆောင်နိုင်ခဲ့ကြောင်း ဝမ်က ပြောကြားသည်။

တရုတ်နှင့် ရုရှားတို့သည် ယုံကြည်စိတ်ချရသော မိတ်ဆွေကောင်းများနှင့် မိတ်ဖက်ကောင်းများဖြစ်ကာ လက်ရှိအချိန်တွင် နှစ်ဖက်စလုံးအတွက် ဦးစားပေးလုပ်ငန်းမှာ နှစ်နိုင်ငံခေါင်းဆောင်များအကြားရရှိခဲ့သည့် သဘောတူညီချက်များကို ဆက်လက်အကောင်အထည်ဖော်ရန်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

ရုရှားနိုင်ငံကလည်း တရုတ်သမ္မတ ရှီကျင့်ဖျင်၏ ရုရှားခရီးစဉ်အတွင်း ရရှိခဲ့သည့် သဘောတူညီချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံအကြား မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးကို လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်ရန် ဆန္ဒရှိကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလဗ်ရော့ဗ်က ပြောကြားသည်။



BRICS၊ ကုလသမဂ္ဂနှင့် ရှန်ဟိုင်း ပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့တို့၏ မူဘောင်များအောက်တွင် တရုတ်နိုင်ငံ၏ ဆက်ဆံရေးနှင့် ပေါင်းစပ်ညှိနှိုင်းမှုကို ပိုမိုခိုင်မာစေရန် ရုရှားက ဆန္ဒရှိကြောင်း၊ ထို့ပြင် နိုင်ငံတကာတွင် လက်ဝါးကြီးအုပ်ဝါဒကို တွန်းလှန်ရန်၊ နိုင်ငံတကာဆက်ဆံရေးကဏ္ဍတွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို မြှင့်တင်ရန်နှင့် နိုင်ငံတကာတန်းတူညီမျှမှုနှင့် တရားမျှတမှုကို ကာကွယ်စောင့်ရှောက်ရန် ဆန္ဒရှိကြောင်း ၎င်းကထပ်လောင်း ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# သီရိလင်္ကာနိုင်ငံ၌ သွေးလွန်တုပ်ကွေးကြောင့် သေဆုံးသူ ၃၈ ဦးရှိလာ




**ကိုလံဘို ဩဂုတ် ၈**

ယခုနှစ်အတွင်း သီရိလင်္ကာနိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၅၈၀၀၀ ကျော်ရှိခဲ့ကာ အဆိုပါ ရောဂါကြောင့် သေဆုံးသူ ၃၈ ဦးအထိ ရှိလာကြောင်း သီရိလင်္ကာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ အမျိုးသားသွေးလွန်တုပ်ကွေးရောဂါထိန်းချုပ်ရေးဌာနက ပြောကြားသည်။

သီရိလင်္ကာနိုင်ငံ၌ လက်ရှိ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ စုစုပေါင်း၏ ၅၀ ရာခိုင်နှုန်းသည် နိုင်ငံအနောက်ပိုင်းပြည်နယ်များမှဖြစ်ကြောင်း အမျိုးသားသွေးလွန်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးဌာနက ပြောကြားသည်။

သီရိလင်္ကာနိုင်ငံ ဒေသ ၄၇ ခုသည် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု အန္တရာယ်အမြင့်မားဆုံး အခြေအနေရှိနေပြီး ပြီးခဲ့သည့်နှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၇၆၀၀၀ ကျော်ရှိခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# မလေးရှားနိုင်ငံ၏ ဇွန်လအတွင်း ရော်ဘာထုတ်လုပ်မှု ၂၃ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်

**ကွာလာလမ်ပူ ဩဂုတ် ၈**

မလေးရှားနိုင်ငံ၏ ရော်ဘာထုတ်လုပ်မှုသည် မေလအတွင်းက တန်ချိန် ၂၄၁၂၆ တန် ထုတ်လုပ်နိုင်ခဲ့ရာမှ ဇွန်လအတွင်းတွင် တန်ချိန် ၂၉၈၆၇ တန်ထုတ်လုပ်နိုင်ခဲ့ခြင်းကြောင့် ရာခိုင်နှုန်းအားဖြင့် ၂၃ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်မှုရှိခဲ့ကြောင်း ဩဂုတ် ၈ ရက်တွင် ဖော်ပြသည့် တရားဝင်အချက်အလက်များအရ သိရသည်။

သို့ရာတွင် ပြီးခဲ့သည့်နှစ် ဇွန်လအတွင်းက ရော်ဘာတန်ချိန် ၄၈၈၅၇ တန်သာ ထုတ်လုပ်နိုင်ခဲ့ခြင်းကြောင့် ရာခိုင်နှုန်းအားဖြင့် ၃ ဒသမ ၉ ရာခိုင်နှုန်း လျော့ကျမှုရှိခဲ့ကြောင်း မလေးရှားနိုင်ငံ စာရင်းအင်းဌာနက ပြောကြားသည်။

မလေးရှားနိုင်ငံ၏ ဇွန်လအတွင်း ရော်ဘာတင်ပို့မှုသည် တန်ချိန် ၄၈၈၅၇ တန် ရှိခဲ့ခြင်းကြောင့် မေလအတွင်း တင်ပို့ခဲ့သည့် ရော်ဘာတင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ၃၁ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်မှုရှိခဲ့ကြောင်း သိရသည်။ မလေးရှားနိုင်ငံ၏ မေလအတွင်း ရော်ဘာတင်ပို့မှုသည် တန်ချိန် ၃၇၀၆၂ တန်ရှိကြောင်း သိရသည်။

မလေးရှားနိုင်ငံ၏ ရော်ဘာအခြေခံထုတ်ကုန်တင်ပို့မှုတန်ဖိုးသည် မေလအတွင်းက ရင်းဂစ် တစ်ဘီလီယံရှိခဲ့ခြင်းကြောင့် ဇွန်လအတွင်းက ရင်းဂစ်သန်း ၉၀၀(အမေရိကန်ဒေါ်လာ ၁၉၆ ဒသမ ၇၃ သန်း) ရှိခဲ့သဖြင့် အဆိုပါနှစ်လအတွင်း တင်ပို့ခဲ့သည့် ရော်ဘာအခြေခံထုတ်ကုန်တင်ပို့မှုတန်ဖိုးကို နှိုင်းယှဉ်ပါက ငါးရာခိုင်နှုန်း လျော့ကျမှုရှိခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# ဂျပန်နိုင်ငံသို့ ပြင်းထန်သော အပူပိုင်းမုန်တိုင်း ခွန်နန် ချဉ်းကပ်လာ

**တိုကျို ဩဂုတ် ၈**

ဂျပန်နိုင်ငံသို့ ပြင်းထန်သော အပူပိုင်းမုန်တိုင်း ခွန်နန် ချဉ်းကပ်လာသောကြောင့် ဒေသခံများကို သတိပြုနေထိုင်ကြရန် ဂျပန်နိုင်ငံ မိုးလေဝသ တာဝန်ရှိသူများက သတိပေးထားသည်။

၎င်းမုန်တိုင်းသည် ဩဂုတ် ၉ ရက်တွင် နိုင်ငံအနောက်တောင်ပိုင်း ကျူရှူးဒေသသို့ ဝင်ရောက်မည်ဟု ခန့်မှန်းရသည်။

ခွန်နန်သည် Kagoshima စီရင်စုရှိ Yakushima ကျွန်းအနီး ရေပြင်ပေါ်မှနေ၍ မြောက်-အနောက်မြောက်ဘက်သို့ တဖြည်းဖြည်းရွေ့လျားနေကြောင်း ဂျပန်မိုးလေဝသအေဂျင်စီမှ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

**အမြင့်ဆုံးလေတိုက်နှုန်း**

မုန်တိုင်းဗဟိုချက် အနီးတွင် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ကီလိုမီတာ ၁၀၀ ကျော် ရှိသည်ဟု ဆိုသည်။

ဩဂုတ် ၉ ရက် ညအထိ အမာမီဒေသနှင့် ကျူရှူးကျွန်းတောင်ပိုင်းနှင့် မြောက်ပိုင်းတို့တွင် မိုးတိမ်တိုက်များဖြစ်ထွန်းလာမည်ဟု သိရသည်။

ဂျပန်နိုင်ငံ အနောက်ပိုင်းနှင့် ပစိဖိတ် အရှေ့ပိုင်းတို့တွင် မုန်တိုင်းအရှိန်ကြောင့် ဩဂုတ် ၁၁ ရက်အထိ မိုးရွာသွန်းနိုင်ပြီး လေပြင်းများ တိုက်ခတ်ကာ လှိုင်းကြီးမည်ဟု ခန့်မှန်းထားသည်။

မြေနိမ့်ပိုင်း နေရာများတွင် ရေကြီးခြင်းနှင့် မြစ်ရေလျှံခြင်းတို့ ဖြစ်လာနိုင်သဖြင့် သတိပြုရန် ဒေသခံများအား မိုးလေဝသ တာဝန်ရှိသူများက ပြောကြားသည်။

နိုင်ငံ၏ အဓိကကျွန်းဖြစ်သော ဟွန်ရှူး တောင်ဘက်တွင် နောက်ထပ် အပူပိုင်းမုန်တိုင်း တစ်ခု ထပ်မံဖြစ်လာနိုင်သည်ဟု မိုးလေဝသဌာနက ပြောသည်။



**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-စိုးသူရ**

# ကမ္ဘောဒီးယားနိုင်ငံ၌ စိုက်ပျိုးရေးထုတ်ကုန်များ တင်ပို့မှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၃ ဘီလီယံ ရရှိ



**ဖနောင်ပင် ဩဂုတ် ၈**

ကမ္ဘောဒီးယား နိုင်ငံသည် ယခုနှစ် ပထမ ခုနစ်လအတွင်း စိုက်ပျိုးရေးထုတ်ကုန် တန်ချိန် ၄ ဒသမ ၅၁ သန်းကိုပြည်ပနိုင်ငံများသို့ တင်ပို့ခဲ့ကြောင်း စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

ယခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအတွင်း နိုင်ငံနှင့်ဒေသပေါင်း ၆၈ ခုသို့ ၎င်းထုတ်ကုန်များ တင်ပို့နိုင်ခဲ့ပြီး အမြတ်ငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၃ ဘီလီယံ ရရှိခဲ့ကြောင်း ၎င်းဝန်ကြီးဌာန၏ အစီရင်ခံစာအရ သိရသည်။ ကမ္ဘောဒီးယားနိုင်ငံ၏ အဓိကပို့ကုန်များမှာ ဆန်၊ ရော်ဘာ၊ ပီလောပီနံ၊ သရက်သီး၊ ငှက်ပျောသီး၊ ရေတ်ကောင်း၊ သီဟိုဠ်စေ့၊ ပဲ၊ ပြောင်းနှင့် ဆီအုန်းသီးနှံများဖြစ်သည်။

ယခုနှစ် ပထမခုနစ်လအတွင်း ဆန် ၃၆၂၇၀၈ တန် တင်ပို့ခဲ့ပြီး စုစုပေါင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၃၁၃ ဒသမ ၇ သန်း ရရှိခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ "နိုင်ငံတကာဈေးကွက်မှာ ဆန်ဈေးတွေ မြင့်တက်လာတာနဲ့အမျှ နိုင်ငံစီးပွားရေးကို အကျိုးပြုနိုင်တဲ့ ဆန်စပါး ရောင်းချရေးနည်းဗျူဟာတွေကို လေ့လာနေပါတယ်"ဟု စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ Im Rachna က ပြောကြားခဲ့သည်။

ထို့ပြင် ပြည်တွင်း ဆန်စက်များ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရန်၊ လယ်သမားများထံမှ စပါးများ သိုလှောင်ရန်နှင့် စပါးဝယ်ယူမှုမြှင့်တင်ရန်တို့အပြင် နိုင်ငံတကာဈေးကွက်သို့ ဆန်တင်ပို့မှု တိုးမြှင့်ရန်တို့ကိုလည်း ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်း ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# တနင်္သာရီမြစ်ရေ စိုးရိမ်ရေအမှတ်ထက် ကျော်လွန်ရောက်ရှိနေသဖြင့် အိမ်ထောင်စုများနှင့် ဌာနဆိုင်ရာရုံးတချို့ပြောင်းရွှေ့ထားရ



တနင်္သာရီ ဩဂုတ် ၈

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်း မိုးများသည်းထန်စွာ ရွာသွန်းနေမှုကြောင့် တနင်္သာရီမြစ်ရေသည် မြို့နယ်အတွင်း အနိမ့်ပိုင်းနေရာ/ကျေးရွာများတွင် မြစ်ရေများဝင်ရောက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ မြစ်ရေမြင့်တက်နေမှုကြောင့် ယနေ့အထိအိမ်ထောင်စု ၄၆ စုမှ အမျိုးသား ၁၁၆ ဦး၊ အမျိုးသမီး ၁၁၅ ဦး စုစုပေါင်း၂၃၁ ဦးတို့သည် ယာယီကယ်ဆယ်ရေးစခန်းများနှင့် နီးစပ်ရာဆွေမျိုးအိမ်များသို့ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

အလားတူ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ နှစ်ခန်းတွဲဝန်ထမ်းအိမ်ရာနှင့် မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာတို့တွင် မြစ်ရေများဝင်ရောက်နေမှုကြောင့် ဌာနပိုင်ပစ္စည်းများကို ရေလွတ်ရာ နီးစပ်ရာနေရာများသို့ ပြောင်းရွှေ့ထားရကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# ရှမ်းရွာသစ်မြို့၌ မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် တောင်ကျရေများစီးဆင်းပြီး လူနေအိမ်များ၌ ရေများဝင်ရောက်လျက်ရှိ



ရှမ်းရွာသစ် ဩဂုတ် ၈

ကရင်ပြည်နယ် ရှမ်းရွာသစ်မြို့သည် တောင်ပေါ်ဒေသဖြစ်ပြီး မြို့ပေါ်(၄)ရပ်ကွက်နှင့် ကျေးရွာအုပ်စုကိုးအုပ်စုရှိရာ ဩဂုတ် ၅ ရက်မှစ၍ မိုးများအဆက်မပြတ်ရွာသွန်းပြီး တောင်ကျရေများနှင့် မိုးရေများ ဝင်ရောက်မှုကြောင့် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများရှိ လူနေအိမ်များ၊ လယ်ယာမြေများ၌ ရေများဝင်ရောက်လျက်ရှိကြောင်း သိရသည်။

ရှမ်းရွာသစ်မြို့တွင် ယခုရက်ပိုင်းအတွင်း မိုးများအဆက်မပြတ်ရွာသွန်းလျက်ရှိပြီး တောင်ကျရေများ စီးဆင်းရာမှ ချောင်းရေများ ရေလျှံပြီး မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအချို့ရှိ လယ်မြေများတွင် တောင်ကျရေများ ဝင်ရောက်လျက်ရှိကြောင်း၊ အဆိုပါလူနေအိမ်များနှင့်လယ်ယာများ ရေကြီးမှုများဖြစ်ပွားရာသို့ မြို့အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းအောင်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတို့က ကွင်းဆင်းပြီး လိုအပ်သည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာကူညီ ကယ်ဆယ်ရေးလုပ်ငန်းများကိုလည်း ပေါင်းစပ်ကူညီပေးလျက်ရှိကြောင်းနှင့် လူများ၊ တိရစ္ဆာန်များလည်း ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

ရှမ်းရွာသစ်မြို့တွင် သဘာဝဘေးအန္တရာယ် ကျရောက်လာပါက လုပ်ငန်းများအဆင်ပြေစွာ ဆောင်ရွက်နိုင်ရေး အတွက် ဆပ်ကော်မတီများဖွဲ့စည်းထားပြီး သဘာဝဘေး အန္တရာယ်နှင့် ပတ်သက်၍ ထူးခြားဖြစ်စဉ်များ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်နိုင်ရေးအတွက် မြို့အုပ်ချုပ်ရေးမှူးက စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဇင်လေး(ပြန်/ဆက်)**

# ရေကြီးမှုအခြေအနေသတင်း

(၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၈) ရက်၊ (၁၄:၀၀)နာရီ ထုတ်ပြန်ချက်)

**စစ်တောင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေ**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေကျော်ခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**သံလွင်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေ**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ လေးပေခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်းတစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**သောင်ရင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေ**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ဘီးလင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေ**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်းတစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**လေးမြို့မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေ**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ လေးမြို့မြစ်ရေသည် မြောက်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးပေခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မဒေါက်မြို့၊ ဘားအံမြို့နယ်၊ မြဝတီမြို့နယ်၊ ဘီးလင်းမြို့နယ်နှင့် မြောက်ဦးမြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**



# ကျိုက်မရောမြို့၌ မိုးအဆက်မပြတ်ရွာသဖြင့် ကမ်းနားလမ်းရှိ အနိမ့်ပိုင်းနေရာများသို့ မြစ်ရေများစတင်ဝင်ရောက်

ကျိုက်မရော ဩဂုတ် ၈

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ ဩဂုတ် ၄ ရက်မှစတင်ကာ မိုးများအဆက်မပြတ်ရွာသွန်းသဖြင့် ဩဂုတ် ၈ ရက် နံနက်ပိုင်း၌ ရှင်စောပုရပ်ကွက် (၁) ကမ်းနားပိုင်းရှိ အနိမ့်ပိုင်းရပ်ကွက်များသို့ အတ္ထရံမြစ်ရေများ စတင်ဝင်ရောက်နေပြီဖြစ်သည်။

ယနေ့နံနက်ပိုင်းမှစတင်ကာ ရှင်စောပုရပ်ကွက် ကမ်းနားပိုင်း၊ ထုံးဘိုပိုင်းရှိ မြစ်ကမ်းဘေးနေရာ၌ ရေနှစ်ပေခန့် ဝင်ရောက်လျက်ရှိပြီး နေအိမ်အောက်ထပ်များသို့ ရေများစတင်ဝင်ရောက်လျက်ရှိကြောင်း ထုံးဘိုပိုင်းရပ်ကွက်ရှိ ဒေသခံပြည်သူတစ်ဦးထံမှ သိရသည်။

**ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)**

# နမ့်လန်အထကတွင် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ယာဉ်၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

သီပေါ ဩဂုတ် ၈

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် နမ့်လန်နယ်မြေရဲစခန်းမှ နယ်မြေစခန်းမှူး ရဲအုပ်ရဲညွန့်ဦးစီးသောအဖွဲ့သည် နမ့်လန်ကျေးရွာအုပ်စု မက်မုံဟိန်ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း (နမ့်လန်) ခန်းမ၌ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၈ ရက် နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ အထက်တန်း၊ အလယ်တန်း အဆင့်ကျောင်းသား ကျောင်းသူ ၁၇၀၊ ဆရာ ဆရာမ ၁၅ ဦးနှင့် ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများအပါအဝင် စုစုပေါင်း ၁၉၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**၂၁၀**





# ရွှေကျင်မြို့၌ မြစ်ရေများဝင်ရောက်လာမှုကြောင့် အနိမ့်ပိုင်း ရပ်ကွက် / ကျေးရွာများမှ ပြည်သူများပြောင်းရွှေ့

ရွှေကျင် ဩဂုတ် ၈

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်၌ မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် စစ်တောင်းမြစ်ရေနှင့် ရွှေကျင်မြစ်ရေများ မြင့်တက်လာကာ အနိမ့်ပိုင်းရပ်ကွက်/ကျေးရွာများမှ ပြည်သူများ ယနေ့နံနက်ပိုင်းမှစ၍ ပြောင်းရွှေ့လျက်ရှိကြောင်း သိရသည်။

စစ်တောင်းမြစ်ရေနှင့် ရွှေကျင်မြစ်ရေများ မြင့်တက်လာမှုကြောင့် အနိမ့်ပိုင်းရပ်ကွက်/ကျေးရွာများဖြစ်သည့် ညောင်ဝိုင်းရပ်ကွက်၊ မကျည်းတန်းရပ်ကွက်နှင့် အနောက်ဘက်ကျေးရွာများအတွင်းသို့ ရေများဝင်ရောက်ခဲ့သည့်အတွက် နေအိမ်များနစ်မြုပ်ခဲ့သည့် ဒေသခံပြည်သူများက မိမိတို့ နီးစပ်ရာဆွေမျိုးများနေအိမ်သို့ ပြောင်းရွှေ့နေထိုင်ကြကြောင်း သိရသည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**

ဖြစ်ရပ်မှန်ကမ္ဘာ့မြင်ကွင်းကြားက ရယူအပ်ရာသင်ခန်းစာများ

# ကိုယ်ဖော်တဲ့ဆေး ကိုယ်ပြန်စား လူ့အခွင့်အရေး ညစ်လုံးအောက်က လူနည်းစုများ

မြင့်မြတ်

ယူကရိန်းအရေးအခင်းနဲ့ အကျပ်အတည်းဆိုက်နေချိန်၊ ကမ္ဘာကြီးမှာ ဟိုနေရာတစ်စ၊ ဒီနေရာတစ်စ မီးပွားတွေကြားမှာ လူမှုစီးပွားပဋိပက္ခတွေ တစ်ဖန်ပေါ်လာခဲ့ရပြန်ပါပြီ။ လူ့အခွင့်အရေးကို ရှေ့တန်းတင်လွှန်းလှတဲ့၊ ပွင့်လင်းပါတယ်ဆိုတဲ့ လူ့အဖွဲ့အစည်းကြီးတစ်ခုရဲ့ ရှေ့နောက်မလျော်တဲ့အခြေအနေတွေဟာ ခန့်မှန်းရခက်နိုင်ပါတယ်။ အကြမ်းဖက်မှုန်းသိသိကြီးနဲ့ အကြမ်းဖက်ကိုမှ အလွန့်အလွန် စာနာသနားပြနေခဲ့တဲ့နိုင်ငံ၊ ဒီမိုကရေစီကိုဖက်တွယ်ပြီး ထောင်ကျသူကိုတောင် ပန်းခြင်းချသနားပြ၊ သူများအိမ်တွင်းရေး ဝင်စွက်ဖက်ခဲ့သူတွေ...။

## မှန်းဆရခက်တဲ့ခန့်မှန်းချက်များကြားက

ကမ္ဘာကြီးမှာ အမုန်းတရားနဲ့ ချစ်ခြင်းမေတ္တာအကြား အများကြီး ခြားနားသွားခဲ့ပါပြီ။ ထိလွယ်ရှလွယ် လူ့အဖွဲ့အစည်းတစ်ခုကို အချိန်အကြာကြီးပိုက်မိပြီးမှ ပြန်ပြီးလည်းလွှတ်ချမရ၊ အကြာကြီးလည်း ဆွဲမထားချင်၊ နိုင်ငံရေးကို ဘာသာရေးနဲ့ရော၊ ဘာသာရေးကို နိုင်ငံရေးနဲ့ရော အရောအနှောစုံမှာ ကိုယ်မွေးထားသူက ကိုယ့်ပြန်ခြောက်တာ ခံရတဲ့အခြေအနေတချို့ကို ပြင်သစ်မြင်ကွင်းကနေ သင်ခန်းစာယူသင့်ပါတယ်။

ကိုယ်မွေးထားတဲ့ တာလီဘန်ရဲ့ ပြန်မောင်းထုတ်တာခံခဲ့ရတဲ့ အမေရိကန်၊ ကိုယ်မြှုပ်နှံထားတဲ့ အိုက်စစ် (ISIS) တို့နဲ့ မှ တစ်ကျော့ပြန်ရန်သူဖြစ်ခဲ့ရတဲ့ အမေရိကန်တို့ရဲ့ ဖြစ်စဉ်နမူနာအတိုင်းပါပဲ။ ယခုလည်း ပြင်သစ်မှာ ကြုံခဲ့ရပါပြီ။ ပြင်သစ်နိုင်ငံသားအဖြစ် ခံယူခဲ့ပြီးသူ နိုင်ငံရပ်ခြားက အခြေအနေမဲ့ဒုက္ခသည်တွေ၊ နိုင်ငံရေးနဲ့ ပြည်တွင်းစစ် အဖြစ်ဆိုးကြောင့် နေရပ်စွန့်ခွာသားကောင်တွေရဲ့ဘဝကို နိုင်ငံရေးလုပ် ကယ်တင်ရင်းနဲ့ ယနေ့လိုကာလမှာ ထိုလူတွေရဲ့ သင်ခန်းစာ ပြန်ပေးတာခံနေရတဲ့ ပြင်သစ်အစိုးရနဲ့ လူနည်းစုနိုင်ငံသားတွေရဲ့ ပဋိပက္ခတွေ၊ ဆန္ဒပြသူတွေအပေါ် အစိုးရနဲ့ ရဲတပ်ဖွဲ့ရဲ့ ပြန်လည်တုံ့ပြန်ပုံ၊ တုံ့ပြန်ခဲ့တဲ့နည်းတွေဟာ သင်ခန်းစာယူသင့်တဲ့ အခြေအနေတွေလည်း ဖြစ်ပါတယ်။

ယနေ့ ကမ္ဘာ့နိုင်ငံရေးအတော်များများဟာ ကြိုတင်ကြံစည်မှုတွေလို့ သတ်မှတ်နိုင်သလို တိုက်ဆိုင်မှုတွေအဖြစ်လည်း မြင်နိုင်ပါတယ်။ BRICS ကိုသွားပြီး မျက်စပစ်မိတဲ့ မေကရွန်ကို CIA က ပြန်ပြီး ပညာပေးလိုက်တာလို့လည်း ယူဆနေသူတွေရှိလေတော့ မှန်တယ်လို့လည်း ပြောလို့မရသလို မှားတယ်လို့လည်း ဆိုလို့မရပြန်ဘူးပေါ့။ တော်ပါသေးတယ်။ ပြင်သစ်ကြီး ဘက်ပေါင်းစုံပြိုကျမသွားတာကံကောင်း။ ပြင်သစ်အဓိကရုဏ်းက သူတစ်နိုင်ငံတည်းနဲ့လည်း မပြီးခဲ့၊ ဆွစ်ဇာလန်၊ ဘယ်လ်ဂျီယံနိုင်ငံတွေအထိပါ ကူးစက်သွားပုံကို ကြည့်ခြင်းအားဖြင့် ဥရောပဒေသမှာ လူမှုစီးပွားဘဝတွေ တဖြည်းဖြည်း မတည်မငြိမ်ဖြစ်လာနေပြီဆိုတဲ့သဘောကိုထင်ဟပ်လာပြီလား၊ သပ်လျှိုသွေးခွဲမှုတွေကြောင့် အိမ်နီးချင်းပြည်တွင်းရေး ပြဿနာတစ်ခုမှသည် ဒေသတွင်း အခြားအိမ်နီးချင်းနိုင်ငံတွေဆီပါ ပျံ့နှံ့သွားတတ်တဲ့သဘောလား၊ စဉ်းစားထားရမယ့်အရာတွေ များစွာများစွာရှိနိုင်ပါတယ်။

## အသုံးချခံအဖြစ် အသုံးချခံရတတ်သည်

ပြင်သစ်ပြည်ကြီး မီးဟုန်းဟုန်းတောက်ခဲ့ရတဲ့ကိစ္စဟာ ပဲရစ်မြို့ ဆင်ခြေဖုံးဆင်းရဲသားရပ်ကွက်က (၁၇) နှစ်အရွယ် ဆယ်ကျော်သက် ပြင်သစ်အယ်ဂျီးရီးယားနွယ်ဖွား လူငယ်တစ်ယောက်ကို ပြင်သစ်ရဲအရာရှိတစ်ဦးက ယာဉ်စည်းကမ်းမလိုက်နာတဲ့ အကြောင်းပြချက်နဲ့ ပစ်သတ်လိုက်မိရာက စလိုက်တာပါပဲ။ ပြင်သစ်ရဲအရာရှိတွေရဲ့ မမှားသင့်တဲ့ ဆိုးရွားတဲ့မှားယွင်းမှုတစ်ခုကနေ ကံဆိုးလှတဲ့ လူငယ်လေးတစ်ယောက် ယခုလို အသတ်ခံခဲ့ရတာဖြစ်တယ်လို့ မှတ်ချက်ပြုကြပါတယ်။ နိုင်ငံတစ်နိုင်ငံကို ပျက်စီးစေချင်ပြီဆိုရင် ကျောင်းသားအရွယ် လူငယ်လူမည်လေးတွေဟာ အမြဲတမ်းခေါးစာခံဖြစ်ရရှာတဲ့ ဒီအတွေ့အကြုံမျိုးဟာ မရိုးသော်လည်း သတိထားရမယ့် သင်ခန်းစာအဖြစ် သိရှိထားရပါမယ်။

ယာဉ်ကြောတွေအင်မတန်ကျပ်နေချိန်မှာ သူသူကိုယ်ကိုယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုတာ ဖောက်ဖျက်မိတတ်ကြပါတယ်။ ဒါပေမဲ့ လူငယ်တစ်ဦး ဥပဒေမဲ့သေဆုံးသွားရတဲ့အထိ ဖြစ်ပျက်သွားတာကိုတော့ အသေးအဖွဲ့ဆိုပြီး ပေါ့ပေါ့တန်တန် သဘောထားလို့ မရပါဘူး။ အခွင့်အရေးအဖြစ် အသုံးချချင်တဲ့ နိုင်ငံရေးတောကြောင်တွေ၊ စက်ဘီးတစ်စီး၊ ကားတစ်စီးနဲ့ လမ်းသလားနေတဲ့ သူလျှိုဒလန်တွေဟာ မနီးမဝေးဝန်းကျင်မှာ အမြဲရှိနေတတ်ပါတယ်။ ပြင်သစ်ရဲတွေဟာ သတိမမူ့ဂရုမမြင်သည့်အလားအမှိုက်ကစ၊ ပြဿဒ်မီးလောင်တတ်တဲ့အခြေအနေကို လျှော့တွက်ခဲ့သလား၊ တမင် မမြင်ချင်ယောင်ဆောင်တာပဲလား မသိ။ သူတို့ပဲသိနိုင်တဲ့ အခြေအနေမို့ သင်ခန်းစာယူစရာအဖြစ်နဲ့သာ သတိထားရမှာဖြစ်ပါတယ်။

## မမြင်ချင်မသိချင် ဖုံးဖိထားခြင်းဖြင့်

နောက်ခံအခြေအနေကို ပြန်ကြည့်ရင် ဥရောပက အတိုးတက်အဖွံ့ဖြိုးဆုံးသော နိုင်ငံကြီးတစ်နိုင်ငံဖြစ်တဲ့ ပြင်သစ်မှာ ဘာကြောင့် ဒီလိုသွေးထွက်သံယို အဓိကရုဏ်းမှု ရှန်းရင်းဆန်ခတ်ဖြစ်စဉ်တွေ မကြာမကြာဖြစ်နေရပါသလဲ။ ၂၀၀၃ ခုနှစ် သမ္မတ နီကိုလပ် ဆာကိုဇီ လက်ထက်မှာလည်း သုံးပတ်ကြာ အဓိကရုဏ်းတွေဖြစ်ခဲ့ဖူးတယ်။ ပင်စင်ပြုပြင်ရေးနဲ့ပတ်သက်ပြီး ယခုနှစ်ထဲမှာလည်း ဖြစ်ခဲ့ဖူးတယ်။ ယခု ၂၀၂၃ ခုနှစ် ဇွန်လထဲ ရှစ်ရက်ကြာဖြစ်စဉ်ကတော့ ဒီမိုကရေစီစနစ်ဖွံ့ဖြိုးတယ်ဆိုတဲ့ ပြင်သစ်သမိုင်းမှာ အဆိုးရွားဆုံးပါပဲ။ မီးပွားတစ်ခုဟာ တောမီးပမာ လိုင်ယွန်၊ လိုင်လီ၊ မာဆေးလ်၊ ဘော့ဒိုးစတဲ့ မြို့ကြီးတော်တော်များများကို ပျံ့နှံ့သွားပြီး ပြည်သူပိုင်အဆောက်အအုံတွေ၊ ရဲစခန်းတွေ၊ ကျောင်းတွေ၊ စတိုးဆိုင်တွေ၊ မြို့နယ်ခန်းမတွေနဲ့ မော်တော်ယာဉ်များစွာဟာ ဒေါသထွက်နေတဲ့ လူအုပ်ကြီးရဲ့ မီးရှို့ဖျက်ဆီးခြင်း ခံလိုက်ရပါတယ်။



၂၀၂၃ ခုနှစ် ဇွန်လက ပြင်သစ်နိုင်ငံ၌ ဖြစ်ပွားခဲ့သည့်အဓိကရုဏ်းမြင်ကွင်း။ ဓာတ်ပုံ-စီအင်န်အင်န်

နေရာအနှံ့ လုယက်မှုတွေ၊ မီးရှို့မှုတွေဖြစ်ခဲ့ပြီး ကားဖုံးပေါက်ကွဲတဲ့အထိ ဖြစ်ခဲ့တယ်။ မြို့တော်ဝန်ကိုပါ တိုက်ခိုက်ခဲ့ကြတဲ့အတွက် မြို့တော်ဝန်ဇနီး ခြေထောက်ကျိုးသွားခဲ့ရတယ်။ ပြင်သစ်လုံခြုံရေး အဖွဲ့အစည်းတွေကလည်း ပြင်းပြင်းထန်ထန် ပြန်လည်နှိပ်ကွပ်ခဲ့ကြတယ်။ ဆန္ဒပြပြည်သူအမြောက်အမြား ရိုက်နှက်ဖမ်းဆီးခံကြရတယ်။ ဒီလိုဖြစ်စဉ်တွေဖြစ်ပွားရခြင်းဟာ နိုင်ငံတကာမှာ အထူးအဆန်းတစ်ခုတော့ မဟုတ်ပါဘူး။ ဖြစ်ချိန်တန်ရင် ဖြစ်ရတဲ့သဘောပါပဲ။

ဖြစ်ရတဲ့ အဓိကအကြောင်းရင်း၊ ရင်းမြစ်နဲ့ ဖြစ်စဉ်အသေးစိတ်ကို ပြင်သစ်အစိုးရနဲ့ ပြည်သူ့ကိုယ်စားလှယ်ဆိုသူတွေ၊ အမေရိကန်အပါအဝင် ကျန်ဥရောပအနောက်အုပ်စု ဒီမိုကရေစီနိုင်ငံတွေအားလုံး အခြေအနေတွေကို ဖုံးဖိထား၊ မသိချင် မမြင်ချင်ယောင်ဆောင်နေလို့သာ ကျန်ကမ္ဘာကြီးက မမြင်ရမသိကြရတာပါ။ တိုးတက်ဖွံ့ဖြိုးတဲ့နိုင်ငံတွေအပါအဝင် နိုင်ငံအားလုံးဟာ ကိုဗစ် - ၁၉ ဂယက်နဲ့ ယူကရိန်းပဋိပက္ခတွေရဲ့ နောက်ဆက်တွဲ ဒဏ်တွေအားလုံးကို အနည်းနဲ့အများခံကြရတာပါပဲ။ ပြင်သစ်လူ့အဖွဲ့အစည်းမှာတော့ ၂၀၀၃ ခုနှစ်ကတည်းက အရင်းတည်လာတဲ့ ဆူပူမှုအဓိကရုဏ်းတွေရဲ့ မဖြေရှင်းနိုင်တဲ့ နောက်ခံအကြောင်းတရားတွေနဲ့တကွ ပိုပြီးဆိုးရွားတဲ့သမိုင်းကြောင်းတွေ ရှိနေလို့သာလျှင် ဖြစ်ပါလိမ့်မယ်။

## မဖြေရှင်းနိုင်သေးတဲ့ အဓိကအကြောင်းတရားရင်းမြစ်များ

ဒီမိုကရေစီလူ့အဖွဲ့အစည်းတစ်ခုဆိုပေမယ့် ပြည်သူကရွေးချယ်တင်မြှောက်ထားတဲ့ ပြည်သူ့ကိုယ်စားလှယ်ဆိုသူတွေဟာ ပြည်သူတွေ၊ လူငယ်တွေရဲ့အသံတွေကိုနားမထောင်ခဲ့ဘူးဆိုတာ ထင်ရှားပါတယ်။ အဓိကရုဏ်းဖြစ်နေတုန်းလည်း နားမထောင်ခဲ့ကြသလိုဖြစ်ပြီး နောက်တစ်ကြိမ်ဖြစ်နိုင်ခြေအတွက် သင်ခန်းစာမယူ၊ ပြည်သူကို ဂရုမစိုက်လို့သာ နာတာရှည်ရောဂါတစ်ခုလို ဖြစ်နေတဲ့ တူညီတဲ့ဖြစ်စဉ်တွေ ပြင်သစ်မှာ မကြာခဏတွေ့နေရတာပေ့ါ။ ဖြစ်ရင်လည်း တစ်ဖက်က ရဲ၊ တစ်ဖက်က အလုပ်သမား လူငယ်လူတန်းစား . . . ထွက်ပေါက်မရှိ၊ အစစအရာရာဆုံးရှုံးမှုနဲ့သာ ရင်ဆိုင်နေရပြီး ဒီထက်ဆုံးရှုံးစရာ ဘာမှမရှိတော့ဘူးလို့ခံယူထားတဲ့ စိတ်ဓာတ်အကြီးအကျယ်ကျနေတဲ့ ပြင်သစ်လူငယ်တွေအတွက် ပြင်သစ်ဒီမိုကရေစီစနစ်မှာ ဖြေဆေးမရှိတော့ဘူးလား၊ တွေးဆရမှာဖြစ်ပါတယ်၊ သင်ခန်းစာထုတ်ကြရမှာဖြစ်ပါတယ်။

ပြဿနာက အလွန်လေးနက်ပြီး သိမ်မွေ့လှပါတယ်၊ ဘာကြောင့်လဲဆိုတော့ ပြင်သစ်နိုင်ငံဟာ ဒီမိုကရေစီစနစ်နဲ့ လူမှုစီးပွားဘဝအကြီးအကျယ်ဖွံ့ဖြိုးတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် မှတ်ယူထားကြလို့ပါပဲ။ ဒီလိုဖွံ့ဖြိုးပြီး ဒီမိုကရေစီစနစ်အောက်မှာ ဘာကြောင့် ပြင်သစ်လူငယ်တွေဟာ မသေချာ၊ မရေရာဘဝနဲ့ နေထိုင်နေရပါသလဲ။ ဘာကြောင့် အလုပ်လက်မဲ့ပြဿနာကို မဖြေရှင်းနိုင်ရပါသလဲ။ မဖြေရှင်းနိုင်သေးတဲ့ လူမျိုးရေးခွဲခြားမှု၊ ဖိနှိပ်မှု၊ မမျှတမှုပြဿနာပုစ္ဆာတွေနဲ့ ဆိုးသွမ်းလူငယ်အရေအတွက် များပြားလာမှုဟာ ပျက်စီးစပြုနေတဲ့ အမျိုးသားပညာရေးစနစ်နဲ့ သက်ဆိုင်နေတယ်လို့လည်း ပညာရှင်တွေက မှတ်ချက်ပြုကြပါတယ်။

ဖြစ်ခဲ့တဲ့ ဆန္ဒပြမှုတွေရဲ့နောက်ကွယ်က အရင်းအမြစ်အကြောင်းတရားတွေကို ထိထိရောက်ရောက်ဖြေရှင်းပေးတဲ့ နိုင်ငံရေးသမားတွေရဲ့ အသံမကြားမိသေးပါဘူး။

စာမျက်နှာ ၁၇ သို့ ❍

> “ပြင်သစ်နိုင်ငံရေးသမားတွေဟာ ယခုအရေးအခင်းကြီးကို မီးလောင်ရာလေပင့်သလိုဖြစ်စေခဲ့တဲ့ ဆိုရှယ်မီဒီယာနဲ့ လူမှုကွန်ရက်တွေရဲ့ သက်ရောက်မှု ဒဏ်ရာဒဏ်ချက်ကိုတော့ ပြင်းပြင်းထန်ထန် ခံစားလိုက်ကြရပါတယ်။ Snowball effect လို ဆင့်ကဲဆင့်ကဲဖြစ်လာတဲ့ ဆိုးကျိုးတစ်ခုတစ်ခုကနေ နောက်ထပ်ဖြစ်လာတဲ့ မကောင်းတဲ့သက်ရောက်မှုတွေဟာ ဆိုရှယ်မီဒီယာတွေရဲ့စနက်ကြောင့်လည်းပါတဲ့အတွက် မေကရွန်ကိုယ်တိုင် အမိန့်ထုတ်ပြန်ပိတ်ပင်လိုက်ရတဲ့အထိ သက်ရောက်မှုက ဘယ်လောက်ပြင်းထန်ခဲ့တယ်ဆိုတာ ဆန်းစစ်ကြည့်နိုင်ပါတယ်”

○ စာမျက်နှာ ၁၆ မှ
နိုင်ငံရေးပါဝါအသီးသီး ရယူထားကြပေမယ့် ဘာမှအလုပ်မဖြစ်တဲ့ နိုင်ငံရေးလေဟာနယ်တစ်ခုအဖြစ်သာ ပြင်သစ်နိုင်ငံရေးသမားတွေကို လူငယ်တွေ စိတ်ကုန်နေကြပြီဖြစ်ပါတယ်။

**မပါမပြီး ဆိုရှယ်မီဒီယာနဲ့ လူမှုကွန်ရက်စနက်**

ပြင်သစ် နိုင်ငံရေးသမားတွေဟာ ယခုအရေးအခင်းကြီးကို မီးလောင်ရာလေပင့်သလိုဖြစ်စေခဲ့တဲ့ ဆိုရှယ်မီဒီယာနဲ့ လူမှုကွန်ရက်တွေရဲ့ သက်ရောက်မှုဒဏ်ရာဒဏ်ချက်ကိုတော့ ပြင်းပြင်းထန်ထန် ခံစားလိုက်ကြရပါတယ်။ Snowball effect လို ဆင့်ကဲဆင့်ကဲဖြစ်လာတဲ့ ဆိုးကျိုးတစ်ခုတစ်ခုကနေ နောက်ထပ်ဖြစ်လာတဲ့ မကောင်းတဲ့သက်ရောက်မှုတွေဟာ ဆိုရှယ်မီဒီယာတွေရဲ့စနက်ကြောင့်လည်း ပါတဲ့အတွက် မေကရွန်ကိုယ်တိုင် အမိန့်ထုတ်ပြန်ပိတ်ပင်လိုက်ရတဲ့အထိ သက်ရောက်မှုက ဘယ်လောက်ပြင်းထန်ခဲ့တယ်ဆိုတာ ဆန်းစစ်ကြည့်နိုင်ပါတယ်။

နိုင်ငံတစ်နိုင်ငံမှာ သူ့အကြောင်းနဲ့သူရှိနေတဲ့ ပြည်တွင်းပဋိပက္ခတစ်ခုဟာ သတင်းတု၊ သတင်းမှားတွေနဲ့ ပိုပြီးဆိုးရွားသွားတဲ့ အကြောင်းရင်းခံတွေကို ရှာကြည့်ရင် ဆိုရှယ်မီဒီယာရဲ့ ပုံကြီးချဲ့ သွေးထိုးလှုံ့ဆော်မှုတွေကို တွေ့ရပါလိမ့်မယ်။ နမူနာအားဖြင့် အီရန်၊ ဗင်နီဇွဲလားစတဲ့နိုင်ငံတွေရဲ့ ဖြစ်ခဲ့ကြတဲ့ပြည်တွင်းရေးပြဿနာတွေမှာဆိုရင် ဆိုင်ရာအစိုးရတွေဟာ ဘာကြောင့် ဆိုရှယ်မီဒီယာတွေကို ပိတ်ပင်ခဲ့ကြသလဲ၊ ဒီမိုကရေစီဘိုးအေနိုင်ငံတွေအနေနဲ့ ကိုယ်ချင်းစာနားလည်သဘောပေါက်လောက်မယ်လို့ ယူဆပါတယ်။ ဒါ့အပြင် ပြင်သစ် Gz တွေရဲ့ ဆိုးသွမ်းရမ်းကားမှုဒဏ်ကို သူတို့ရဲ့မိဘတွေလည်း ခံစားကြရပါတယ်။ သားသမီးမကောင်း မိဘခေါင်းဆိုသလို ဆုံးမသွန်သင်မှုမရှိဘူးဆိုတဲ့ မှတ်ချက်နဲ့ မိဘတွေကို ငွေဒဏ်ထောင်ဒဏ်တွေ ချမှတ်ဖို့ မေကရွန်က အမိန့်ထုတ်ပြန်ခဲ့တယ်လို့ ဆိုပါတယ်။

**ဘာကြောင့်အသံတွေတိတ်နေရပါလိမ့်**

❛ လူ့အခွင့်အရေးကို အင်မတန်ရှေ့တန်းတင်လွန်းတဲ့နိုင်ငံမှာ တာဝန်ယူတာဝန်ခံမှုကိုနားမလည်တဲ့ ရဲအရာရှိတစ်ဦးက အချိုးအစား အင်အားဘယ်လိုမှ ယှဉ်လို့မရတဲ့ လူငယ်တစ်ဦးကို ယခုလို ဥပဒေမဲ့ ပစ်သတ်လိုက်တဲ့အပေါ်မှာ ဘယ်အမေရိကန်၊ ဘယ်အီးယူ၊ ဘယ်လိုလူ့အခွင့်အရေးအဖွဲ့အစည်း၊ ဘယ်ကုလအဖွဲ့အစည်းကမှ ထိထိရောက်ရောက် မဝေဖန်ခဲ့ကြတာဟာလည်း အံ့ဩစရာတစ်ခုတော့မဟုတ်ပါဘူး။ ဒီနေရာမှာ တရုတ်၊ ရုရှား၊ အီရန်တို့ဆိုရင်တော့ ရှေ့ဆုံးကအော်နိုင်တဲ့ အနောက်မီဒီယာတွေအနေနဲ့ ယခုလိုပြင်သစ်ပြဿနာမှာတော့ ဘာကြောင့်များ အသံတိတ်နေကြပါလိမ့်၊ လူ့အခွင့်အရေးအတွက် အေးချမ်းစွာ ဆန္ဒပြတိုက်ပွဲဝင်နေကြသူတွေဆိုပြီး ဘယ်အနောက်နိုင်ငံကမှ ဝေဖန်ပြစ်တင်တာလည်း မတွေ့ရ၊ အလွန်ကိုကွဲပြားခြားနားသိသာလွန်းတဲ့ အနေအထားတွေပါ ❜

**လူ့အခွင့်အရေးကိုအင်မတန်ရှေ့တန်းတင်လွန်းတဲ့နိုင်ငံမှာ တာဝန်ယူတာဝန်ခံမှုကို နားမလည်တဲ့ ရဲအရာရှိတစ်ဦးက အချိုးအစား အင်အားဘယ်လိုမှ ယှဉ်လို့မရတဲ့ လူငယ်တစ်ဦးကို ယခုလို ဥပဒေမဲ့ ပစ်သတ်လိုက်တဲ့အပေါ်မှာ ဘယ်အမေရိကန်၊ ဘယ်အီးယူ၊ ဘယ်လိုလူ့အခွင့်အရေးအဖွဲ့အစည်း၊ ဘယ်ကုလအဖွဲ့အစည်းကမှ ထိထိရောက်ရောက် မဝေဖန်ခဲ့ကြတာဟာလည်း အံ့ဩစရာတစ်ခုတော့မဟုတ်ပါဘူး။ ဒီနေရာမှာ တရုတ်၊ ရုရှား၊ အီရန်တို့ဆိုရင်တော့ ရှေ့ဆုံးကအော်နိုင်တဲ့ အနောက်မီဒီယာတွေအနေနဲ့ ယခုလိုပြင်သစ်ပြဿနာမှာတော့ ဘာကြောင့်များ အသံတိတ်နေကြပါလိမ့်၊ လူ့အခွင့်အရေးအတွက် အေးချမ်းစွာ ဆန္ဒပြတိုက်ပွဲဝင်နေကြသူတွေဆိုပြီး ဘယ်အနောက်နိုင်ငံကမှ ဝေဖန်ပြစ်တင်တာလည်း မတွေ့ရ၊ အလွန်ကိုကွဲပြားခြားနားသိသာလွန်းတဲ့ အနေအထားတွေပါ။**

၂၀၁၇ ခုနှစ်ကတည်းက ဖြစ်နေခဲ့တဲ့ ဒီလိုအလားတူ ဖြစ်စဉ်တွေကြောင့် ပြင်သစ်ရဲတွေရဲ့အသတ်ခံရတဲ့ အာရပ်၊ အာဖရိကနွယ်ဖွား အရေအတွက်ဟာ ၁၃ ယောက် ရှိခဲ့ပြီဖြစ်ပါတယ်။ သူများနိုင်ငံရဲ့ အရေးအခင်းတွေမှာ ဆန္ဒပြသူတစ်ယောက်ယောက်သေရင် အစိုးရကရက်ရက်စက်စက် သတ်ဖြတ်တယ်လို့ စွပ်စွဲကြသူတွေ၊ ဇာတ်နာအောင်မီးထိုးခဲ့သူတွေ၊ သတင်းမှန်၊ မမှန် မစိစစ်ဘဲ သူများပြည်တွင်းရေး ဝင်စွက်ဖက်ခဲ့သူတွေ၊ အမှန်ကိုလက်မခံ၊ လုပ်ဇာတ်ခင်း၊ အမှားသတင်းကိုမှ လက်ခံယုံကြည်ပြီး ဆိုင်ရာနိုင်ငံတွေကို စီးပွားရေးအရ ပိတ်ဆို့ဟန့်တား၊ ဒုက္ခရောက်အောင် လုပ်ကြတဲ့ နိုင်ငံတွေထဲမှာ ယခုလို အပြစ်မဲ့ကိုယ့်ပြည်သူတွေကို ရက်ရက်စက်စက်ပစ်သတ်၊ ရိုက်နှက်၊ ဖမ်းဆီးထောင်ချနေတဲ့ ပြင်သစ်လည်း ပါဝင်ပါတယ်။ စံနှုန်းနှစ်မျိုးနဲ့ လူ့အခွင့်အရေးပုံစံအမျိုးမျိုးကို နှိုင်းယှဉ်ချိန်ဆသုံးသပ်နိုင်အောင်ဖြစ်ပါတယ်။

စံနှစ်မျိုးလူ့အခွင့်အရေးကို ကျင့်သုံးတတ်တဲ့ လစ်ဘရယ်ဘိုးအေကြီး ပြင်သစ်နိုင်ငံရဲ့ဖြစ်စဉ်တွေအရ ဒီမိုကရေစီဆိုတိုင်း ဒီမိုကရေစီမမည်ဘူးဆိုတာ တွေ့ရပါလိမ့်မယ်။ တည်ငြိမ်အေးချမ်းမှုဆိုတဲ့ လူတိုင်းတောင့်တနေတဲ့အရာကိုကော ဒီမိုကရေစီစနစ်ကြီးကသာ အလုံးစုံပေးနိုင်တယ်ဆိုတာ သေချာပါရဲ့လား၊ လူ့အခွင့်အရေးဆိုပေမယ့် အာဏာရှင်အပြုအမူကိုလည်း လုပ်ချင်လုပ်တတ်ကြတယ်။ ဒီမိုကရေစီအရ လူများစုဆန္ဒ လိုက်ရမယ်ဆိုပေမယ့် လိုက်ချင်မှလည်းလိုက်မယ်၊ လူနည်းစုစကား နားထောင်ရမယ်ဆိုပေမယ့် လက်တွေ့ နားထောင်ချင်မှလည်း နားထောင်ပါလိမ့်မယ်။ ဒါဟာ ယနေ့ပြင်သစ်မှာ ဖြစ်ပျက်နေတဲ့အရာတွေပါ။

စံပြဒီမိုကရေစီကို တမ်းတနေသူတွေအနေနဲ့ ယနေ့ပြင်သစ်ပြည်သူတွေ ခံစားနေရတဲ့ တရားမမျှတမှုနဲ့ မတည်ငြိမ်တဲ့ လူမှုစီးပွားဘဝတွေကို ဘယ်နိုင်ငံရေးစနစ်၊ ဘယ်လိုနည်းလမ်းနဲ့ ဖြေရှင်းသင့်ပါသလဲ။ လူ့အခွင့်အရေးအရ စာနာမှုနဲ့ နိုင်ငံသားဘဝရခဲ့ကြသူတွေရဲ့ အကြွင်းမဲ့သစ္စာစောင့်သိမှုနဲ့ နိုင်ငံချစ်စိတ်အပေါ်မှာကော စိတ်ချလက်ချယုံကြည်သင့်ပါရဲ့လား၊ စကားလုံးလှလှသုံးပြီး လက်တွေ့မလိုက်နာနိုင်သူတွေကြားမှာ လူသားအကျိုးထက် နိုင်ငံရေးဗန်းပြစနစ်တွေ၊ စံနှုန်းတွေကို ပိုပြီးဖော်ပေးသင့်ပါသလား။ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးထက် တစ်ပါးနိုင်ငံ၊ တစ်ပါးလူမျိုးအပေါ်မှာ အထင်ကြီးလေးစား လွမ်းမောနေသူတွေအတွက် ပြင်သစ်နိုင်ငံရဲ့ ခါးသီးဖွယ်အတွေ့အကြုံတွေကနေ သင်ခန်းစာယူသင့်ပါကြောင်းသာ တင်ပြလိုက်ရပါတော့တယ်။ ။

❖ မြန်မာနိုင်ငံမှ

ဘုရင့်နောင် ဆန်စပါးကုန်စည်ဒိုင်တို့တွင် ဆန်အရောင်းဆိုင်များဖွင့်လှစ်၍ ရောင်းချပေးခဲ့သည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လက်လီအရောင်းဆိုင်များကိုလည်း တစ်ဆိုင်လျှင် ဧည့်မထဆန် အိတ်အကြီး ၅၀ နှုန်းဖြင့် (နှစ်ပတ်လျှင်တစ်ကြိမ်) စနစ်တကျ စာရင်းပြုစု၍ ဖြန့်ဝေရောင်းချရန် စီစဉ်လျက်ရှိပြီး လှိုင်သာယာ၊ ရွှေပြည်သာ၊ အင်းစိန်၊ ဒဂုံမြို့သစ် (တောင်ပိုင်းနှင့်မြောက်ပိုင်း)၊ တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပ၊ ဒလ၊ တွံတေး၊ မှော်ဘီ၊ မင်္ဂလာဒုံ စသည့်မြို့နယ်များတွင်လည်း နေရာရွေး၍ အရောင်းဆိုင် သတ်မှတ်ဆောင်ရွက်ခြင်း၊ ကားဖြင့်လှည့်လည်ရောင်းချခြင်းတို့ကိုလည်း စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသူရ**

○ ကျောဖုံးမှ

ပီအက်စ်ဂျီအသင်းဆီ တောင်းဆိုထားတာလည်း ဖြစ်ပါတယ်။ လက်ရှိအချိန်မှာ ပီအက်စ်ဂျီအသင်းဟာ တိုက်စစ်မှူးမက်ဆီထွက်ခွာသွားပြီးနောက် တိုက်စစ်မှူးအမ်ဘတ်ပီကလည်း အသင်းမှာ ဆက်ရှိနေဖို့ မသေချာဖြစ်နေတာ ဖြစ်ပါတယ်။ တိုက်စစ်မှူးနေမာကို ယခုအပြောင်းအရွှေ့ကာလအတွင်း ဆော်ဒီအာရေဗျ၊ ဘာရာဇီးနဲ့ အမေရိကန်ကလပ်အသင်းတွေအနေနဲ့ စာချုပ်ချုပ်ဆိုခေါ်ယူဖို့ ပြင်ဆင်လျက်ရှိတဲ့အပြင် အင်္ဂလန်ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းကလည်း ခေါ်ယူဖို့ ဆွေးနွေးမှုတွေပြုလုပ်နေတာ ဖြစ်ပါတယ်။

တိုက်စစ်မှူး နေမာဟာ ပီအက်စ်ဂျီအသင်းဆီ ပြောင်းရွှေ့လာခဲ့ပြီးနောက် ပြင်သစ်ပထမတန်းဖလား ငါးကြိမ်ရယူပေးနိုင်ခဲ့ပေမယ့် ချန်ပီယံလိဂ်ဖလားကိုတော့ ရယူပေးနိုင်ခဲ့ခြင်းမရှိခဲ့တာ ဖြစ်ပါတယ်။ ပီအက်စ်ဂျီအသင်းကလည်း အဓိကတိုက်စစ်ကစားသမားတွေဖြစ်တဲ့ အမ်ဘတ်ပီနဲ့နေမာတို့ဟာ အသင်းမှာဆက်ရှိဖို့ မသေချာတော့တာကြောင့် ဘင်ဖီကာအသင်းမှ ပေါ်တူဂီတိုက်စစ်မှူး ဂွန်ကာလိုရာမို့စ်ကို ကာလရှည်စာချုပ်တစ်ရပ် ချုပ်ဆိုကာ ခေါ်ယူထားတာလည်း ဖြစ်ပါတယ်။

**ငွေကြယ်**

## မိုးနဲမြို့နယ် မြို့မဈေးကြီးအတွင်း အမဲသားနှင့်ဝက်သားများ သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချခြင်း ရှိ၊ မရှိစစ်ဆေး

မိုးနဲ ဩဂုတ် ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲမြို့နယ် စည်ပင်သာယာရေးဌာနအနေဖြင့် စားသုံးသူပြည်သူများ ဈေးနှုန်းမှန်ကန်စွာဝယ်ယူစားသုံးနိုင်ရေးအတွက် မြို့မဈေးကြီးအတွင်း အမဲသား၊ ဝက်သားများအား သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချခြင်း ရှိ၊ မရှိကို ယနေ့နံနက် ၇ နာရီက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**အလေးထား လိုက်နာဆောင်ရွက်**

ထိုသို့ ကွင်းဆင်းစစ်ဆေးခဲ့ရာတွင် မြို့နယ်စည်ပင်သာယာရေးဌာနအမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ ဈေးတာဝန်ခံများက မြို့မဈေးအတွင်း အမဲသားတစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀၀၊ ဝက်သားတစ်ပိဿာလျှင် ငွေကျပ် ၁၆၀၀၀ ဈေးဖြင့် ရောင်းချရန် အသားအရောင်းဆိုင်များတွင် ဗီနိုင်းဆိုင်းဘုတ်များချိတ်ဆွဲထားရာ သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချခြင်း ရှိ၊ မရှိ စစ်ဆေးဆောင်ရွက်ခဲ့ပြီး ဈေးဆိုင်များ သန့်ရှင်းရေးမပြတ်ဆောင်ရွက်ကြရန်၊ ဈေးစည်းကမ်းများကို အလေးထားလိုက်နာဆောင်ရွက်ကြရန် ဈေးသူ ဈေးသားများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။



**မျိုးညွန့်ရွှေ(မိုးနဲ)**



## သာပေါင်းမြို့နယ်ရှိ မိုးစပါးစိုက်ပျိုးမည့် သမဝါယမအသင်းနှစ်သင်းအား သွင်းအားစုမြေဩဇာများ ပေးအပ်

သာပေါင်း ဩဂုတ် ၈

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သွင်းအားစု(ယူရီးယားဓာတ်မြေဩဇာ၊ ကွန်ပေါင်း (၁၅:၁၅:၁၅)နှင့် သဘာဝဓာတ်မြေဩဇာများ)ပေးအပ်ပွဲတွင် မိုးစပါးစိုက်ဧက ၁၀၀၀ နှင့် စိုက်ပျိုးသည့် သမဝါယမအသင်းနှစ်သင်းမှ အသင်းသား ၁၇၈ ဦးတို့အား ငွေကျပ်သိန်း ၂၀၀၀ နှင့် ညီမျှသောသွင်းအားစုမြေဩဇာအိတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

## အလှူငွေများထည့်ဝင်လှူဒါန်းထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

### သာသနိကအဆောက်အဦနှင့် နဝကမ္မ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၄၆၅၄။ | ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်(D.K.B.A) စစ်ဦးစီးချုပ် ဦးစောစတီးလ်နှင့်တပ်ဖွဲ့ဝင်မိသားစုများကောင်းမှု | ၃၈၀၀၀၀၀ |
| ၄၆၅၅။ | ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ၁၇ နှစ်မြောက် တပ်နှစ်ပတ်လည်နေ့အထိမ်းအမှတ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စခန်းမှူးရုံး အရာရှိ/စစ်သည်များကောင်းမှု | ၃၁၀၀၀၀၀ |
| ၄၆၅၆။ | ဒေါက်တာအောင်ကြီး(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)ကောင်းမှု | ၂၁၀၀၀၀၀ |
| ၄၆၅၇။ | ရင်တွင်းသဒ္ဓါပီတိဖြာအမျိုးသားရေးညီအစ်ကို မောင်နှမများအဖွဲ့ကောင်းမှု | ၂၀၀၀၀၀၀ |
| ၄၆၅၈။ | ကွယ်လွန်သူကျေးဇူးရှင်ဖခင်ကြီး ဦးဝင်းသော်၊ မိခင်ကြီး ဒေါ်ခင်ညိုတို့အားရည်စူး၍ ဦးအောင်ကျော်မိုးနှင့်ဇနီး ဒေါ်နွယ်နွယ်ဦး၊ (မြေး) မောင်ထက်အောင်ခန့်၊ မောင်ထက်အောင်သန့်၊ (သမီး)ဒေါ်ခင်စန်းယု၊ ဒေါ်ခင်စောနု၊ ဒေါ်ခင်စောမူမိသားစုကောင်းမှု | ၁၂၀၀၀၀၀ |
| ၄၆၅၉။ | ကွယ်လွန်သူ မေမြို့ ခင်မောင်မြင့်(ခ)ဦးအုန်းဖေ အားရည်စူး၍ အလှူရှင် (ဇနီး)ဒေါ်ခင်ထားထား၊ ဒေါ်စံပယ်ဖြူမိသားစုကောင်းမှု | ၁၁၁၀၀၀၀ |
| ၄၆၆၀။ | ဆွေတော်မျိုးတော်များအားအမှူးထား၍ ဦးကျော်ဇံ နှင့်ဇနီး ဒေါ်မြင့်မြင့်စန်းမိသားစု၊ (သား) မောင်သော်ဇင်လင်းထက်၊ မောင်ကျော်ခန့်စည်သူ၊ မောင်ကောင်းခန့်စည်သူ မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၄၆၆၁။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ဒုတိယဗိုလ်မှူးကြီးစိုင်းလုံနှင့်ဇနီး ဒေါ်သက်သက်ဇော်၊ (သမီး)မခင်ချောချောခန့်၊ မဆုမြတ်သီရိမိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၄၆၆၂။ | ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ကုန်းတန်းရပ်ကွက်နေ ဦးမဲမောင်နှင့်ဇနီး ဒေါ်မြမြဦးတို့အားရည်စူး၍သား၊ သမီး၊ မြေး၊ မြစ်များကောင်းမှု | ၁၀၀၀၀၀၀ |
| ၄၆၆၃။ | အမှတ်(၉၉)စစ်မြေပြင်အင်ဂျင်နီယာတပ်ခွဲ တပ်ကြပ်ကြီးကျော်သူစိုးမိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၄၆၆၄။ | ဦးဗေယျာဖြိုးနှင့်ဇနီး ဒေါ်သီတာလွင်မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၄၆၆၅။ | နှစ်ဖက်မိဘများအားအမှူးထား၍ ဦးသက်နိုင်ဦးနှင့်ဇနီး မဇင်ဝါလှိုင်မိသားစုကောင်းမှု | ၉၄၀၀၀၀ |
| ၄၆၆၆။ | ပြည်ထောင်စုဝန်ကြီးများ၏ ယာဉ်မောင်းများကောင်းမှု | ၈၃၀၀၀၀ |
| ၄၆၆၇။ | ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)ပါမောက္ခချုပ်နှင့်ဝန်ထမ်းမိသားစုဝင်များကောင်းမှု | ၇၁၀၀၀၀ |

### သာသနိကအဆောက်အဦနှင့် နဝကမ္မ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၄၆၆၈။ | ကြို့ပင်ကောက်မြို့၊ ရုံးလမ်းနေ ကွယ်လွန်သူဖခင်ကြီး ဦးကျော်မြင့်နှင့်ဇနီး မိခင်ကြီး ဒေါ်ခင်သန်းတို့အားရည်စူး၍ ဒေါ်မို့မို့(အ. ထ. က-၅ နေပြည်တော်)မိသားစုကောင်းမှု | ၇၀၀၀၀၀ |
| ၄၆၆၉။ | ဒုတိယဗိုလ်မှူးကြီးကျော်မြင့်(တပ်မတော်ရေ-ငြိမ်း) နှင့်ဇနီး ဒေါ်တင်တင်ရီ၊ သား၊ သမီး၊ မြေးမိသားစုကောင်းမှု | ၇၀၀၀၀၀ |
| ၄၆၇၀။ | ဦးတင်ထွန်းနှင့်ဇနီး ဒေါ်ခင်နွယ်အေးမိသားစုနှင့် ဦးမင်းထွဋ်ခိုင်နှင့်ဇနီး ဒေါ်သီလာစိုးမိသားစုကောင်းမှု | ၆၀၀၀၀၀ |
| ၄၆၇၁။ | ကွယ်လွန်သူ ဇနီး ဒေါ်ညိုညိုသန်းနှင့် (သားကြီး)မောင်ခိုင်ထူးမြင့်၊ (သားငယ်)မောင်သူမြင့်တို့အားရည်စူး၍ ဦးဘမြင့်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၄၆၇၂။ | ဦးလှမျိုးနှင့်ဇနီး ဒေါ်ချိုချို၊ သား၊ သမီး ဒုတိယဗိုလ်မှူးကြီးလှမျိုးဦးနှင့်ဇနီး ဒေါ်ယုမွန်ချို၊ (မြေး)မောင်လင်းထက်နိုင်၊ မောင်သီဟထက်ပိုင်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၄၆၇၃။ | ကွယ်လွန်သူ ဦးစံမောင်နှင့်ဇနီး ဒေါ်ညွန့်ရင်တို့အား ရည်စူး၍ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၅၀၀၀၀၀ |
| ၄၆၇၄။ | ကွယ်လွန်သူ ဦးဘိုကျော်နှင့်ဇနီး ဒေါ်မေမြတ်မွန် တို့အားရည်စူး၍ မချမ်းမွန်သန့်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၄၆၇၅။ | ကွယ်လွန်သူ ဦးမင်းအောင်အားရည်စူး၍ ဇနီး ဒေါ်ခင်ဌေးမြင့်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၄၆၇၆။ | ကွယ်လွန်သူ ဦးမြင့်တို့အားရည်စူး၍ ဇနီး ဒေါ်ခင်မျိုးကြည်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၄၆၇၇။ | ကွယ်လွန်သူ ဦးအောင်လွင်အားရည်စူး၍ ဒေါ်ကျင်ရွှေမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၄၆၇၈။ | ဦးမြင့်တင်နှင့်ဇနီး မိချိုမြင့်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၄၆၇၉။ | ဦးနိုင်အောင်မင်းနှင့်အဖွဲ့(မွန်ပြည်သစ်ပါတီ)ကောင်းမှု | ၅၀၀၀၀၀ |
| ၄၆၈၀။ | ဦးမောင်မောင်စိုးနှင့်ဇနီး ဒေါ်သန်းအုန်း၊ (သား)ဒေါက်တာရဲမင်းစိုး၊ မအေးသဇင်၊ အထွေထွေဌာနကြီးမှူး (မြန်မာစီးပွားရေးဦးပိုင်)ကောင်းမှု | ၅၀၀၀၀၀ |
| ၄၆၈၁။ | ဦးမိုးဇော်ဖြိုးနှင့် ဦးမောင်မောင်ထွေးမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၄၆၈၂။ | ဦးကြည်ဝင်းနှင့်ဇနီး ဒေါ်ဝင်းနွဲ့မိသားစုကောင်းမှု | ၅၀၀၀၀၀ |

### ပိဋကသုံးပုံကျမ်းစာအုပ်

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၄၆၈၃။ | ဗိုလ်ချုပ်ကြီးမောင်မောင်အေး ၊ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့်ဇနီး ဒေါ်ဝါဝါသင်း၊ (သမီးကြီး)ဗိုလ်ကြီးဇော်လင်းထက်နှင့်ဇနီး မအေးမြသင်း၊ (သားကြီး)ဗိုလ်ကြီးအေးဖြိုးကျော်+မသိမ့်သဥ္ဇာရဲ၊ (သားငယ်)ကိုအေးမျိုးကျော်၊ (သားထွေး)ကိုအေးနိုင်အောင်မိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ်-၂ စုံ) | ၄၀၀၀၀၀၀ |
| ၄၆၈၄။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီးမိုးအောင်နှင့်ဇနီး ဒေါက်တာအေးခိုင်ညွန့်မိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ်-၁ စုံ) | ၂၀၀၀၀၀၀ |
| ၄၆၈၅။ | ဒုတိယဗိုလ်ချုပ်ကြီးသန်းထွန်းဦးနှင့်ဇနီး ဒေါ်သီတာဇင်၊ (သမီး)မစိုးယုယုနှင်း၊ မကြယ်ဇင်သန်းထွန်း မိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ်-၁ စုံ) | ၂၀၀၀၀၀၀ |
| ၄၆၈၆။ | ဒုတိယဗိုလ်ချုပ်ကြီးနီလင်းအောင်နှင့်ဇနီး ဒေါ်လဲ့လဲ့မာ၊ (သမီး) မမေစံပယ်ညွန့်၊ (သား)မောင်ဘုန်းညီညာ မိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ်-၁ စုံ) | ၂၀၀၀၀၀၀ |
| ၄၆၈၇။ | ဗိုလ်ချုပ်လှမိုး(တိုင်းမှူး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်) နှင့်ဇနီး ဒေါ်ပြုံးပြုံးမော်မိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ်-၁ စုံ) | ၂၀၀၀၀၀၀ |
| ၄၆၈၈။ | ဗိုလ်ချုပ်စောသန်းလှိုင်(တိုင်းမှူး၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်)နှင့်ဇနီး ဒေါ်နှင်းချမ်းမြေ့သူ၊ (သား)မောင်ကောင်းခန့်ကျော်၊ မောင်မင်းပြည့်မိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ်-၁ စုံ) | ၂၀၀၀၀၀၀ |
| ၄၆၈၉။ | ဗိုလ်မှူးကြီးအောင်ဇော်လင်းနှင့်ဇနီး ဒေါ်ခင်မြတ်သူ၊ (သမီး)မကြည်ဖြူစင်နှင့်ညီအစ်ကိုမောင်နှမများကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ်-၁ စုံ) | ၂၀၀၀၀၀၀ |
| ၄၆၉၀။ | ဗိုလ်မှူးကြီးမင်းထွဋ်ဦးနှင့်ဇနီး ဒေါ်ခင်သန္တာဦး မိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ်-၁ စုံ) | ၂၀၀၀၀၀၀ |
| ၄၆၉၁။ | ဒုတိယဗိုလ်မှူးကြီးတင်အောင်မိုးနှင့်ဇနီး ဒေါ်မင်းမင်းခေတ်၊ အမှတ်(၂)ထောက်ပံ့ပို့ဆောင်ရေးတပ်ရင်းမိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ်-၁ စုံ) | ၂၀၀၀၀၀၀ |
| ၄၆၉၂။ | ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၄) ကျောင်းဆင်းအရာရှိမိသားစုများကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ်-၁ စုံ) | ၂၀၀၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၆


## ပျောက်ဆုံးကြောင်း

ဦးကျော်စွာလင်း [၁၄/မမက(နိုင်)၁၆၆၀၇၉] ပိုင်ဆိုင်သော "M.V-မြရွှေစင်" (ON-2129)၏ လုပ်ငန်းလိုင်စင်စာအုပ် မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးပါရန်။

ဖုန်း-၀၉-၄၂၀၂၈၈၅၃၃

## စာအုပ်စာပေ လူ့မိတ်ဆွေ

## ပတ်စ်ပို့ပျောက်

ကွျန်တော် မောင်တူးအောင် [၁/မကန(နိုင်)၂၂၅၈၅၃] ၏ ပတ်စ်ပို့နံပါတ်(MC-079168) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၉၄၃၉၉၆၁

## ပတ်စ်ပို့ပျောက်

ကျွန်မ မချန်းလွေ [၁/ဝမန(နိုင်)၀၉၅၈၀၈]၏ ပတ်စ်ပို့နံပါတ်(MB-954847) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၈၇၁၈၉၈၉

## တစ်ဦးတည်းဖြစ်ကြောင်း

မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်၊ နယ်မြေ(၂၃)၊ အမှတ်(၂၃/၈၁)နေ (ဘ)ဦးမင်းမင်းထွန်း၏ သမီး မမေးနွယ်ထွန်း(ခ) မကေသီကျော် [၁/မကန(နိုင်)၂၃၇၆၁၈]သည် တစ်ဦးတည်းဖြစ်ပါသည်။

## ပြင်ဆင်ဖတ်ရှုပါရန်

၆-၆-၂၀၂၃ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၁)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၉)ဒေါ်မြတ်မြတ်စိုး(ခ)ဒေါ်ခင်မြတ်နိုး၏အမည်ပြောင်းတွင်လျှောက်ထားသူအမည် ဒေါ်မြတ်မြတ်စိုး(ခ)ဒေါ်ခင်မြတ်စိုးဟုအမှန်ဖတ်ရှု ပါရန်။

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–ရွှေပေါက်ကံ– ၁၁/၂၊ မြေကွက်အမှတ်– ၅၃၆၊ အကျယ် (၄၀x၆၀)ပေအနက် တရားဝင်မခွဲစိတ်ရသေးသောမြေ၏ ခေါင်းရင်းခြမ်း အကျယ် (၂၀x၆၀)ပေ၊ မြေအမျိုးအစား– ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ် (၅၃၆)၊ ပိတောက်လမ်း၊ ၁၁/၂–ရပ်ကွက်၊ ရွှေပေါက်ကံ၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့် အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဦးဝင်းသိန်း (ISN – ၃၇၀၀၇၂) [၁၂/လကန (နိုင်) ၀၄၂၅၈၃] အမည် ဖြင့် ချထားပေးခြင်းခံရပြီး ၎င်းထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်နှင့် (၂၀–၆–၂၀၂၃) ရက်စွဲပါ "နှစ်ဦးသဘောတူအိမ်ခြံမြေအရောင်းအဝယ်စရန်ငွေပေးကတိစာချုပ်"အရ ဒေါ်သူဇာဝင်း [၁၂/စခန (နိုင်)၀၆၃၇၃၆]က ဝယ်ယူခဲ့ပြီး မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသည့် ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးကောင်းမြတ်ဇော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၇၉၂)**
**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ သာယာကုန်းလမ်း၊ အမှတ်– ၅၉ ဟုခေါ်တွင်သော မြေပေါ်၌ ဆောက်လုပ်ထားသည့် THAR YAR GONE RESIDENCES၊ တိုက်အမှတ်–၅၉၊ (၄)ခန်းတွဲ (၈½)ထပ် (အရှေ့ဘက်ခြမ်း) တိုက်၏ ၄–လွှာ၊ တတိယထပ်၊ အခန်းအမှတ် (၃၀၁)၊ အကျယ် (၁၆၅၀)စ/ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၌ တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်တို့သည် (၂၆–၁၀–၂၀၁၄)ရက်စွဲပါ "(၄)ခန်းတွဲ (8½ + Basement Car Parking) ထပ်အဆောက်အအုံ အသစ်ဆောက်လုပ်ရန် မြေပိုင်ရှင်နှင့် ကန်ထရိုက်တာတို့ နှစ်ဦးနှစ်ဖက်သဘောတူစာချုပ်နှင့် (၃၀–၅–၂၀၁၆)ရက်စွဲပါ အဆောက်အဦဆက်လက်ဆောက်လုပ်ရန် လုပ်ငန်းလွှဲပြောင်းခြင်းသဘောတူကတိစာချုပ်"တို့အရ မြေပိုင်ရှင် ဦးမြတ်ထွန်း [၁၂/ကမရ(နိုင်)၀၄၇၃၆၉]မှ ခံစားခွင့်ရှိသောအခန်းဖြစ်ပြီး မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေကဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသည့် ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးကောင်းမြတ်ဇော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၇၉၂)**
**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ပြင်ဆင်ဖတ်ရှုပါရန်

၈ – ၈ – ၂၀၂၃ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၂၅) ပါ မသီတာ(ခ)ရီလာဘီနှင့် အများသိစေရန် ကြော်ငြာတွင် (၃–၅–၂၀၂၃) ရက်နေ့အစား (၃–၈–၂၀၂၃) ရက်နေ့တွင် သွလာက် (၃)ကြိမ်ပေးပြီးဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ဦးမြတ်သန်းဦး**
**(အထက်တန်းရှေ့နေ)**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးမြင့်အောင် [၁၄/မအန (နိုင်) ၀၃၄၉၅၈]၏ သင်္ဘောသားလုပ်သက်စာအုပ် (ရန်–၁၀၆၃/၉၃)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph: 09–420149056**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးခိုင်ဇော်ဦး ပိုင်ဆိုင်သော မြသိန်းသန်း (ရ.ည.န ရော–၈၅၅)၏ လုပ်ငန်းလိုင်စင် အပိုင်း(၁)+ အပိုင်း(၂) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph: 09–790978235**

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ (၁) ရပ်ကွက်၊ မဟာဗန္ဓုလလမ်းဟုခေါ်တွင်သော အမှတ်(၂၁၅/၁)၊ အကျယ်အဝန်း (၆၀x၅၀)ပေရှိ မြေကွက်သည် လက်ဝယ်ထား ပိုင်ဆိုင်စီမံခန့်ခွဲလျက်ရှိသော ဦးတင်မြင့်ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးသိန်းဇော် [၁၂/ဥကမ(နိုင်) ၁၈၇၅၁၁]က ဝယ်ယူလက်ရောက်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ ထို့နောက် ၎င်းမြေကွက်တွင် ကျွန်ုပ်မိတ်ဆွေက အဆောက်အအုံဆောက်လုပ်ကာ မြေကွက်ကို ခြံစည်းရိုးခတ်ကာရံထားပါသည်။ ၎င်းမြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်ုပ်မိတ်ဆွေ ဦးသိန်းဇော် [၁၂/ဥကမ (နိုင်)၁၈၇၅၁၁]က ပိုင်ဆိုင်လက်ဝယ်ထား စီမံခန့်ခွဲပိုင်ခွင့်ရှိပြီး မည်သူတစ်ဦးတစ်ယောက်မျှ ကျွန်ုပ်မိတ်ဆွေ၏ တရားဝင်ခွင့်ပြုချက်မရှိဘဲ ဥပဒေမဲ့ဝင်ရောက်ကျူးကျော်နှောင့်ယှက်ခြင်း မပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**"လွှဲအပ်ချက်အရ"**
**ဦးကျော်စွာမြင့်(တရားလွှတ်တော်ရှေ့နေ) (စဉ်–၁၃၂၈၂)**
**LL.B, D.B.L, D.I.L, WIPO(Switzerland)**
**အမှတ်(၈၃)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**၀၉–၄၅၀၀၂၇၇၄၆**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးသိန်းလွင် ပိုင်ဆိုင်သော ရွှေနန်းယာဉ် (ရ.ည.န/ ရော–၅၇၄)၏ လုပ်ငန်းလိုင်စင် အပိုင်း(၁)+ အပိုင်း(၂) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph: 09–790978235**

## ပြင်ဆင်ဖတ်ရှုပေးပါရန်

(၁–၈–၂၀၂၃) ရက်နေ့ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၅)ပါ တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၅၀၈) ဒေါ်ခိုင်ဇာလွင်၏ "အများသိစေရန် ကြေညာခြင်း" ကြော်ငြာတွင် အမှတ် (M 1)၊ (၁၂½ထပ်)+ lift ပါ အဆောက်အဦ၊ (၈ လွှာ)၊ အခန်းအမှတ် (801)ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဏ/၄၀)၊ မြေကွက်အမှတ် (၂၁၀၉)၊ (၄၀ပေx၆၀ပေ) (၂၄၀၀)စတုရန်းပေ အကျယ်အဝန်းရှိ ဦးအောင်သန်း [၁၂/မရက(နိုင်)၀၈၁၉၅၄] အမည်ပေါက်ပိုင်ဆိုင်သည့် ပါမစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးနိုင်သက်ပိုင်ထက် [၁၂/ရပသ(နိုင်) ၀၈၂၄၂၇]မှ ပိုင်ဆိုင်လက်ရှိဖြစ်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်တို့မိတ်ဆွေမှလည်း အပြီးအပိုင်ဝယ်ယူရန် သဘောတူညီသည့်အလျောက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ပိုင်ဆိုင်ကြောင်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးခင်မောင်မြင့် (LL.B,D.B.L,D.M.L,D.I.L)** | **ဦးကျော်ဝင်းလှိုင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၅၆၈၃) (၂၈–၆–၁၉၉၁)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၄၇၇)(၂၁–၁၂–၂၀၂၁)** |
| **၀၉–၄၃၀၃၂၁၈၁** | **၀၉–၄၂၁၀၈၆၁၆၀** |

**အမှတ်(၉)၊ ဂန္ဓမာလမ်း၊ (၅/၁)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ထ/၄၃၊ လူနေရပ်ကွက်အမှတ်– ၁၆၊ အောင်ရတနာလမ်း၊ မြေကွက်အမှတ်– ၁၆၅(ခ)၊ အကျယ် (၂၀'x၆၀') ဧရိယာရှိ ဦးသိန်းလွင် အမည်ပေါက် မြေချပါမစ် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်ဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးသန်းဇော်ဦး [၈/တတက(နိုင်)၁၀၄၃၃၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးရန်နိုင် [၁၂/ရပသ(နိုင်)၀၈၆၆၉၃]မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးဝေမိုး (LL.B)** | **ဒေါ်သန်းသန်းဦး (LL.B)** |
| **(စဉ်– ၁၂၅၆၈)** | **(စဉ်– ၁၀၄၁၂)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်– ၃၂၀(ခ)၊ ဘောဂဝတီလမ်း၊ ၈၂/၃၃/၁၀ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။ ဖုန်း– ၀၉၄၂၀၀၂၆၁၆၈၊ ၀၉၄၃၁၃၆၂၈၇**

အမှတ် (၃)၊ ဩဂုတ်လ၊ ၂၀၂၃၊ တန်ဖိုး – ၈၀၀ ကျပ်

ဖြန့်ချိရေး

English for Students

ကြေးမုံသတင်းစာတွင် အထူးကဏ္ဍအဖြစ် ဖော်ပြပါရှိသော

SUPPLEMENT လေ့လာစရာ အင်္ဂလိပ်စာ

၂၀၂၃–၂၀၂၄ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ စနစ်သစ် သင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည်။

Grade-5 မှ Grade-12 အထိ တန်းစဉ်ထွက်ပြီ။

ကိုယ်ပိုင်ကျောင်းများအတွက် အထူးအစီအစဉ် ရှိသည်။

ကိုယ်စားလှယ်ယူလိုသူများ ဆက်သွယ်ပါ။

Ph : 018-387961, 018-376442, 09 269006353, 09 981163924

**ရန်ကုန်**
ဒေါ်ဝိဝိလှိုင် (ဖိုးကျော်စာပေ)
ဖုန်း–၀၉ ၅၀၈၉၈၈၃၊ ၀၉ ၄၄၃၂၄၅၂၅၇၊ ၀၉ ၄၂၃၇၁၈၆၀၀

**နေပြည်တော်**
ဒေါ်မျိုးမျိုးဝင်း (ဝင်းစာပေ)
ဖုန်း–၀၉ ၂၅၀၇၉၈၂၂၃

**မန္တလေး**
ဒေါ်ဝိဝိလွင်(ရောင်စဉ်စာပေ)၊
ဖုန်း–၀၉ ၄၄၄၁၀၅၉၅၉၊ ၀၉ ၄၄၄၁၀၆၉၆၉

**သတင်းစာကိုယ်စားလှယ်**
ဦးပြုံးချို(ချိုစာပေ)
ဖုန်း–၀၉ ၄၅၀၀၂၅၅၇၀

**သတင်းစာကိုယ်စားလှယ်နှင့် ရောဝတီဖြန့်ချိရေး**
ဒေါ်နွဲ့နွဲ့ရီ(မြင့်ဦးစာပေ)
ဖုန်း–၀၉ ၅၀၈၈၉၂၅၊ ၀၉ ၂၆၃၃၇၆၀၃၀

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်တောင်ကွင်း၊ ဗိုလ်ချုပ်ကျေးရွာအုပ်စု၊ ရေတပ်လမ်း၊ ကွင်းအမှတ် (၆၇၅)အတွင်းရှိ အမှတ်(၁၁၂) ဟုခေါ်တွင်သော မြေအကျယ်အဝန်း အလျား၊ အနံ ၄၀ပေx ၆၀ပေ ရှိသော မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးအောင်သန်း [၁၂/သလန (နိုင်)၀၅၇၀၄၅]မှ ကာလတန်ဖိုးနှင့်အညီ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ဇင်မမမောင် [၁၂/မဂဒ(နိုင်)၁၃၃၇၀၂]က အရှုပ်အရှင်းကင်းရှင်းကြောင်း ယုံကြည်စွာဖြင့် အပြီးအပြတ်ဝယ်ယူကာ ငွေကြေးများအားပေးချေထားပြီးဖြစ်၍ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းမူရင်းအထောက်အထားများဖြင့် ယနေ့မှစ၍ (၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက ကျွန်ုပ်မိတ်ဆွေဝယ်ယူထားသည့် မြေကွက်၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ကိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဇင်မမမောင်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ထူးသဉ္ဇာဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၄၈၃)**
**အမှတ်(၂၄၉)၊ မင်းရဲကျော်စွာ (၃)လမ်း၊ (၇)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၄၀၄၄၁၀၀၇၀၊ ၀၉–၇၈၇၀၈၀၃၃၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (7–D)၊ မြေကွက်အမှတ် (၅၇)၊ ဧရိယာ (၀.၀၂၈)ဧကရှိ နှစ်(၉၀) ဂရန်မြေကွက် အကျိုးခံစားခွင့်နှင့် ယင်းမြေကွက်ပေါ်ရှိ (၃)ထပ်တိုက်အဆောက်အဦမှ (၃–လွှာ)တိုက်ခန်းတစ်ခန်းတို့ကို မြေအမည်ပေါက်သူ ဒေါ်ယုယုမော် [၁၂/ဗဟန(နိုင်)၀၄၃၈၅၆]ထံမှ ကျွန်တော် ဦးကိုကိုနိုင်က အပြီးအပိုင်ဝယ်ယူရန်အတွက် (၂၉–၇–၂၀၂၃)ရက်နေ့က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးအပ်ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို အပြီးသတ်ငွေချေပြီးဆောင်ရွက်မည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများယူဆောင်၍ ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကိုကိုနိုင်**
**[၁၂/အစန (နိုင်)၁၆၄၅၀၁]**
**အမှတ်(၆၅)၊ ဒေါ်သိန်းတင်လမ်း၊ ကန်/နောက်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၅၁၉၄၄၃၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း(မြောက်)ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(၇၀)၊ နှစ်ခန်းတွဲတိုက်အဆောက်အအုံ၏ တတိယထပ်(၃–လွှာ)၊ အကျယ်အဝန်း (၁၅ပေx၅၀ပေ)ရှိ ရေမီးစုံတိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်မေဇင်စိုး [၁၄/ပတန(နိုင်)၁၀၅၈၁၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်မိုးဆန်း [၁၂/လသန(နိုင်)၀၁၉၁၅၀]က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤသတင်းစာ ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်ကြောင်းစာရွက်စာတမ်းမူရင်းများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းမောင် (စမ်းချောင်း) (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ် – ၄၇၅၄)**
**အမှတ် (၆၂)၊ ပထမထပ်၊ အခန်းအမှတ်(၁၄)၊ (လောကနတ်)၊**
**ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၄၅၆၆၁၉၃၇၁**

## ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၃၀၊ လူနေရပ်ကွက်အမှတ်–၂၊ ဗိုလ်ချုပ်လမ်း၊ မြေကွက်အမှတ်–၉၈၊ အကျယ်ပေ(၆၀x၆၀)၊ ဧရိယာ(၀.၀၈၂)ဧက၊ (၃၆၀၀)စတုရန်းပေရှိ ဒေါ်ဝေနှင်းကျော် အမည်ပေါက် နှစ်(၆၀)ဂရန် ထွက်ရှိထားသော အိမ်မြေနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါအိမ်မြေအား ဂရန်အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်ဝေနှင်းကျော် [၁၂/ရပသ(နိုင်)၀၆၁၃၅၃]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးမောင်မောင်သက်အောင် [၁၂/လမတ(နိုင်)၀၂၅၉၂၅]မှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါအိမ်မြေ၏ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူမည်သူမဆို ယနေ့မှစ၍ (၁၄)ရက်အတွင်း အိမ်မြေပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးမောင်မောင်သက်အောင်** | **ဒေါ်ခင်မာလွင်(LL.B.,D.B.L)** |
| **[၁၂/လမတ(နိုင်)၀၂၅၉၂၅]** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၇၆၅၂)** |
| **အမှတ်– ၂၂၊ ဘုရင့်နောင်လမ်း၊** | **အမှတ်–၁၁၂၊ ဗိုလ်ချုပ်လမ်း၊ (၅)ရပ်ကွက်၊** |
| **(၃)ရပ်ကွက်၊ လှိုင်မြို့နယ်။** | **ရွှေပြည်သာမြို့နယ်။ ဖုန်း– ၀၉–၅၁၈၉၆၈၉** |

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအရှေ့ရပ်ကွက်၊ ဇီးကုန်း(၂)နယ်မြေ၊ အမှတ်(၆၄)ရှိ နေအိမ်နှင့်ခြံကို ပိုင်ရှင်ဖြစ်သူ ဦးသန်းဇော်+ဒေါ်မြင့်မြင့်တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ဝေဝေခိုင်က ဝယ်ယူမည်ဖြစ်၍ စရန်ငွေတစ်စိတ်တစ်ပိုင်း ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ရှိပါက (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်ယဉ်ယဉ်မြင့်(စဉ်–၁၆၂၄၃)** | **ဒေါ်မေဇင်(စဉ်–၅၃၇၈၀)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၉)၊ မဉ္ဇူလမ်း၊ ဒါရ်ဂါရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း– ၀၉–၇၉၂၈၄၈၀၇၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ (ကျောက်မြောင်း) ပုသိမ်ညွှန့်စံပြရပ်ကွက်၊ မြို့ပတ်လမ်းနှင့်ဓမ္မဝိဟာရလမ်းထောင့်၊ အမှတ်(၇)၊ မြေညီထပ်(ခြေရင်းခန်း) ဟုခေါ်တွင်သော တိုက်ခန်း (၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်အေးမင်းထွန်း [၁၃/ဆဆန(နိုင်)၀၅၃၂၄၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းလွင်ချေ [၁၁/ပဏတ(နိုင်)၀၅၂၆၇၃]က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပါ၍ ပိုင်ဆိုင်ခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်အား ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မြမြစိုးဦး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၇၈၅၃)(၁၆–၃–၂၀၁၀)**
**အမှတ်(၂၀)၊ အလိန်လည် (၁)လမ်း၊ ၅–ရပ်ကွက်၊ ထန်းတပင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ၀၉–၄၃၁၂၄၃၈၃**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁)၊ တက္ကသိုလ်လမ်း၊ မြေကွက်အမှတ် (၄၀၇)၊ ဧရိယာ (၀.၀၅၅)ဧက၊ (၂၄၀၀) စတုရန်းပေ ကျယ်ဝန်းသော ဦးထွန်းရင်အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးထွန်းရင် [၁၂/ဥကတ(နိုင်) ၀၆၅၆၃၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသည့် ဦးထွန်းအောင်ကျော် [၁၂/ဒဂတ(နိုင်)၀၆၅၁၇၇]နှင့် ၎င်း၏ဇနီးဖြစ် သူ ဒေါ်မဥ္ဇူမိုး [၁၂/ရပသ(နိုင်)၀၇၂၈၁၄] တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်း(မူရင်း) များနှင့်တကွ ရုံးချိန်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက မြေကွက်နှင့်အိမ် အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်အေးဝင်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၅၂၅၈၂)**
**အမှတ်(၇၃၇/ခ)၊ မြေညီထပ်၊ မာဃလမ်း၊ (၁၂)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၉၆၇၆၄၈၉၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ မြေတိုင်းရပ်ကွက်အမှတ်– အောင်ချမ်းသာမြို့ကွက်သစ်၊ လူနေရပ်ကွက်အမှတ် မြတ်ရတနာအိမ်ရာစီမံကိန်း၊ မြေကွက်အမှတ် (၁၀၁)၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၀၇ ခုနှစ် (မြေငှား)အမှုတွဲအမှတ်– သလ(စီမံကိန်း)၊ မြတ်ရတနာ (၉၇/၂၀၀၇) ဟုခေါ်တွင်သည့် နှစ်(၆၀)မြေငှားဂရန် ဦးတင်စိုး [၁၂/စခန(နိုင်)၀၁၂၄၅၈] အမည်ဖြင့် ချထားပေးသည့် (အလျား ၆၀ပေx အနံ ၇၅ပေ)ရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အိမ်အဆောက်အအုံ၊ ဆိုင်ခန်းများနှင့် ရေ၊ လျှပ်စစ်မီတာ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လျက်ရှိပိုင်ဆိုင်ထားသူ ဒေါ်ခင်နှင်းနှင်းသက် [၉/အမဇ(နိုင်)၀၂၇၇၁၄]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သော ဦးစည်သူထွန်း [၁၂/သခန(နိုင်)၀၉၈၁၉၂]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ရာ အဆိုပါ အိမ်ခြံမြေအရောင်းအဝယ်ကို ကန့်ကွက်လိုပါက မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာစာပါပြီး (၁၄)ရက်အတွင်း ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ –**

| | | |
|---|---|---|
| **ဦးကျော်ဇေယျ (LL.B)** | **ဒေါ်သန္တာဆွေ (LL.M)** | **ဒေါ်နော်ဆည်းဇာ(LL.B)** |
| **(စဉ်–၁၃၁၈၁/ ၁၇)** | **(စဉ်–၁၀၄၀၇/၁၅)** | **(စဉ်–၁၂၆၃၇/၁၇)** |
| **ဒေါ်မြင့်မြင့်သန်း (LL.M)** | **ဒေါ်ဝေမာနွယ် (LL.B)** | |
| **(စဉ်–၁၃၂၄၀/၁၇)** | **(စဉ်–၁၄၇၁၁/၁၈)** | |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၉)၊ သိပ္ပံလမ်း၊ အုတ်ဖိုစုရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း– ၀၉–၄၂၂၂၈၁၁၁၈**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၃)ရပ်ကွက်၊ ရတနာပုံ (၂)လမ်း၊ အမှတ်(၅၇၈/က)၊ ဦးထွန်းထွန်းလင်း အမည်ပေါက်ဖြစ်သော အလျား (၂၀)ပေx အနံ (၆၀)ပေရှိ ပါမစ်မူရင်းမြေကွက်နှင့် အိမ်ကို ဦးဝဏ္ဏကိုကို [၁၂/ဒဂတ (နိုင်)၀၄၅၁၁၂]က အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ၎င်းတစ်ဦးတည်းပိုင်ဆိုင်ကြောင်း၊ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းကို ဝန်ခံကတိပြု၍ ကျွန်မ ဒေါ်ဝင့်ကေခိုင်မှ အထက်ပါ ပေ(၂၀x၆၀) မြေကွက်နှင့်အိမ်အား ဝယ်ယူရန် အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ရာ ကန့်ကွက်ရန်ရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် အောက်ပါလိပ်စာသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ဝင့်ကေခိုင် [၁၂/ရကန(နိုင်)၀၇၃၉၀၄]**
**အမှတ်(၁၃၇၀)၊ မြတ်လေးလမ်း၊ (၄၁)ရပ်ကွက်၊**
**ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၆၈၈၁၉၈၀၀၀**

## "သတိပေးတားမြစ်ခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြိုင်သာယာစံပြရပ်ကွက်၊ စီ(၈)လမ်း၊ မြေကွက်အမှတ် (စီ ၉၊ စီ ၁၀) အကျယ်အဝန်း (အလျား ၆၀ပေx အနံ ၆၀ပေ)ခန့်ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက် အဦတစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးလွင်နည်ထိုက် [၁၂/သဃက(နိုင်)၁၄၃၅၅၄]မှ ဝယ်ယူပိုင်ဆိုင်လက်ရှိ ထားနေထိုင်လျက်ရှိသော နေအိမ်နှင့် မြေကွက်ဖြစ်ပါသည်။ ဦးလွင်နည်ထိုက် စီမံခန့်ခွဲပိုင်ဆိုင်သည့် အထက်ဖော်ပြပါနေအိမ်မြေကွက်အား မည်သူတစ်ဦး တစ်ယောက်ကမျှ ကျူးကျော်ခြင်း၊ အလွဲသုံးစားပြုခြင်း၊ နှောင့်ယှက်ခြင်း၊ အဓမ္မကျူးလွန်ခြင်းများ အပါအဝင် ဥပဒေနှင့်မညီသည့် ကိစ္စရပ်များမပြုလုပ် ရန် သတိပေးတားမြစ်အပ်ပါကြောင်းနှင့် ဥပဒေမဲ့ဆက်လက်ဆောင်ရွက်လာ ပါက မည်သူကိုမဆို ရာဇဝတ်ကြောင်းအရ ဖြစ်စေ၊ တရားမကြောင်းအရဖြစ် စေ ထိရောက်စွာအရေးယူသွားရန် လွှဲအပ်ညွှန်ကြားထားပြီးဖြစ်ကြောင်း သတိပေးတားမြစ်အပ်ပါသည်။

**ဦးလွင်နည်ထိုက်၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးလင်းအောင်(LL.B,D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၃၈၃/၂၀၂၁)**
**အမှတ် (၃၃/၄၉)၊ ပထမထပ်၊ အခန်း(၃၃)၊ STRAND CONDO၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၄၀၇၆၆၃၄**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ မြို့မရပ်ကွက်၊ မြိတ်-ထားဝယ်ကားလမ်းမ၊ အမှတ် (၆၂) ဟုခေါ်တွင်သော ကွင်းအမှတ် (၃၇၃)၊ ဦးပိုင်အမှတ် (၁၆၇)၊ ဧရိယာ (၀.၀၅)ဧက အလျား (၄၀)ပေx အနံ (၆၀)ပေရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်နေအိမ်တစ်လုံးတို့ကို ဦးသူရအုံ [၁၂/သလန(နိုင်)၀၀၀၈၆၁]မှ ဆက်စပ်စာချုပ်မူရင်းများနှင့်တကွ တရားဝင် ဝယ်ယူလက်ရောက်ပိုင်ဆိုင်သူ တစ်ဦးဖြစ်ပါသည်။ ကျွန်ုပ်၏ မိတ်ဆွေသည် အဆိုပါနေအိမ်နှင့်မြေကို ဥပဒေနှင့်အညီ တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသူတစ်ဦးဖြစ်ပြီး ကျွန်ုပ်၏မိတ်ဆွေမှလွဲ၍ အခြားမည်သူ တစ်ဦးတစ်ယောက်မျှ ဥပဒေနှင့်အညီ လွှဲပြောင်းရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့် မရှိကြောင်းနှင့် ကျွန်ုပ်၏မိတ်ဆွေကဲ့သို့ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်သူရှိပါက ယခုကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါ ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ကျွန်ုပ်၏မိတ်ဆွေသည် အထက်ပါ နေအိမ်နှင့် မြေကွက်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိသန္တာဝင်းမောင် (LL.B(Q),LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၇၀၆) (၁၅-၁၂-၂၀၁၆)**
**အမှတ် (က/၂၂)၊ ခိုင်ရွှေဝါလမ်းသွယ်၊ ပဲခူးစုရပ်ကွက်၊ သန်လျင်မြို့။**
**Ph: 09-795282398, 09-254036672**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကျွန်းကလေးကျေးရွာရှိ ကွင်းအမည်- သာယာကုန်းကွင်း၊ ကွင်းအမှတ် (၉၈၈/ခ)၊ ဦးပိုင်အမှတ် (၃၆/ခ/၁) ဟုခေါ်တွင်သည့် ဥယျာဉ်ခြံမြေအမျိုးအစား(G)၊ အကျယ်အဝန်း (၀.၈၉)ဧကရှိ မြေကွက်သည် လှည်းကူးမြို့နယ် လယ်ယာမြေနှင့်စာရင်းအင်းဦးစီးဌာနတွင် ဦးစိုးအောင်အမည်ဖြင့် မှတ်သားတည်ရှိပြီး ဦးစိုးအောင်ထံမှ (၁-၁၁-၂၀၁၉) ရက်စွဲပါ မြေကွက်အရောင်းအဝယ်စာချုပ်ဖြင့် လက်ရောက်ပိုင်ဆိုင်သူ ဦးမောင် မောင်ဇော် [၁၂/လကန(နိုင်)၁၄၁၃၄၁]မှ ၎င်းတစ်ဦးတည်းကသာ လက်ရှိ လက်ရောက်ပိုင်ဆိုင်လျက် လွတ်လပ်စွာ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု သဖြင့် အဆိုပါမြေကွက်အတွင်းမှ တရားဝင်မခွဲစိတ်ရသေးသည့် အကျယ်အဝန်း (၀.၀၈)ဧက၊ အရှေ့/အနောက် (၁၂၄)ပေ၊ တောင်ဘက်(၁၅ပေခွဲ)နှင့် မြောက်ဘက် (၄၁ ပေခွဲ)ရှိ မြေကွက်လပ်ကို အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏အမှုသည် ဖြစ်သူ ဒေါ်အိမ့်သက်မှူးငယ်ရဲထွန်း [၁၃/တကန(နိုင်)၂၀၅၉၆၁]က စရန်ငွေ အချို့အား ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အကျိုးသက်ဆိုင်သူများ ကန့်ကွက် လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ (၁၆-၈-၂၀၂၃)ရက်နေ့ နောက်ဆုံးထား၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ် ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် ကာ အဆိုပါမြေကွက်အား လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း ကြေညာအပ် ပါသည်။

**ဒေါ်အိမ့်သက်မှူးငယ်ရဲထွန်း၏ လွှဲအပ်ချက်အရ-**
**ဒေါ်သဲပွင့်ဖြူ (LL.B) အထက်တန်းရှေ့နေ(စဉ်-၅၃၅၈၆)**
**အမှတ်-၄၃၅၊ ကမ်းနားလမ်း၊ ကြည့်မြင်တိုင်မြို့နယ်။ ၀၉-၄၀၀၈၇၄၃၀၀**

## ဖခင်အမည်မှန်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အ.ထ.က(၅) Grade-11 တွင် ပညာသင်ကြားနေသော မောင် အောင် ဘုန်းပြည့်၏ ဖခင်အမည်မှန်မှာ ဦးကျော် ဇေယျမင်း [၉/ဝတန (နိုင်) ၁၀၄၇၉၅] ဖြစ်ပါသည်။

## ဖခင်အမည်မှန်

လှိုင်သာယာ အနောက်ပိုင်း မြို့နယ်၊ အ.ထ.က(၈) လှိုင် သာယာ၊ အထက်တန်းကျောင်း Grade-11(C)မှ မဇင်လင်းချို၏ ဖခင်အမည်မှန်မှာ ဦးချိုပြုံး [၁၄/ မအပ(နိုင်) ၃၆၉၀၃၅] ဖြစ်ပါ ကြောင်း။

## ပြင်ဆင်ဖတ်ရှုပါရန်

(၃-၈-၂၀၂၃)ရက်စွဲပါ ကြေးမုံ သတင်းစာ၏ စာမျက်နှာ (၂၅) တွင်ပါရှိသော အထက်တန်းရှေ့နေ ဒေါ်မေဇင်ဦး၏ ကန့်ကွက်နိုင် ကြောင်း ကြော်ငြာ၌ ဖော်ပြထား သည့် (ခေါင်းရင်းခြမ်း)အစား (ခြေရင်းခြမ်း)ဟု ပြင်ဆင်ဖတ်ရှု ပါရန်။

## ပျောက်ဆုံးကြောင်း

ဦးကျော်သူနိုင် [၁၂/ဥကတ (နိုင်) ၁၅၂၂၃၈] ကိုင်ဆောင် သော (CDC No.73896) PSC & RB လက်မှတ်မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph: 09-777905567**

## ပျောက်ဆုံးကြောင်း

ဒေါ်သီရိခါ [၁၂/ဗဟန(နိုင်) ၀၁၂၂၈၀] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် နံပါတ် မမှတ်မိသည် ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph: 09-443243090**

## ပျောက်ဆုံးကြောင်း

ဒေါ်ခိုင်စပယ်မိုး [၇/မလန (နိုင်) ၁၁၇၃၁၂] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် အမှတ်- MF 785145 သည် ပျောက်ဆုံးသွားပါ သဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြား ပေးပါရန်။

**Ph: 09-451389015**

**STAR**
ဒဂုံမြို့သစ် အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
ဆိပ်ကမ်းရှိမြေကွက်များ
ဝယ်လိုသည်။
09-43088052
09-260660405
09-421067330

## သွေးသည် အသက်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

